# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ဒသမပုံမှန်အစည်းအဝေး
# ဒုတိယနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၃၁-၃-၂၀၁၆ ရက်နေ့ရှိ ခွင့်ပြုပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ နှင့် ၁-၄-၂၀၁၆ မှ ၃၁-၃-၂၀၁၈ ထိ တိုးလာသော ရင်းနှီးမြှုပ်နှံမှုများနှင့် လုပ်ငန်းကဏ္ဍအလိုက် ကုမ္ပဏီ၊ လုပ်ငန်းအရေအတွက်၊ ရင်းနှီးပြီးငွေပမာဏ (US ဒေါ်လာဖြင့်)၊ တည်ဆဲ ဥပဒေ၊ စာချုပ်စည်းကမ်း မလိုက်နာမှု၊ အခွန်ရှောင်တိမ်းမှုများကြောင့် လုပ်ငန်းပိတ်သိမ်းအရေးယူခဲ့ရမှုနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး ကဏ္ဍတွင် ပိုမိုရင်းနှီးမြှုပ်နှံလာစေရေး အခွင့်အလမ်းဖော်ဆောင်ပေးမည့် အစီအမံ များရှိလျှင် ရှင်းလင်း ချပြနိုင်ရေးနှင့်စပ်လျဉ်းသည့်မေးခွန်း | ၃ |
| ၆ | ခေါင်လန်ဖူး-ညီတားဒီလမ်း (၅၅)မိုင်ပေါ်တွင်တည်ရှိသည့် ချီလာဝါဒီနှင့် အဘွန်ထန်ကြားရှိ ပျက်စီးနေသည့်လမ်း၊ တံတားများအား ဖောက်လုပ်ပြုပြင်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၆ |
| ၇ | ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန နေပြည်တော်မှ ဘဏ္ဍာရေးနှစ် အဆက်ဆက် ကြွေးပေးသွင်းရန် ကျန်ရှိသောငွေ(၂၈၈၀.၅၀၀) သန်းအား ယနေ့အထိမည်မျှ ပေးသွင်းပြီးဖြစ်ကြောင်းနှင့် မည်သို့အရေးယူဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၈ | ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်ရှိ ကမ်းထောင်ကြီး-သရက်တောင်မြို့၊ ရွာချင်းဆက်လမ်းပေါ်ရှိ ပေါက်တူးတောင် ချောင်းကူးတံတားနှင့် ကမ်းထောင်ကြီး-သရက်တောင်မြို့၊ ရွာချင်းဆက် မြေသားလမ်းအား မည်သည့်ဘဏ္ဍာနှင့်တွင် အပြီးဆောင်ရွက်ပေးမည်နှင့် မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် မည်သည့်ဘဏ္ဍာနှစ်တွင် အဆင့်မြှင့်တင်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |

၉ ရန်ကုန်မြို့အဝင် လမ်းမကြီးများအား လမ်းအဆင့်မြှင့်တင်ရန်၊ လမ်းမီးများ ထွန်းရန်၊ မြေရာရှုခင်း (Landscape)များ ပြုလုပ်ရန် အစီအစဉ်ရှိ/ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း ၁၄

၁၀ ပင်လယ်လေး(လပွတ္တာ)ကြိုးတံတားသည် ပညာရှင်များ၏ စစ်ဆေးမှုများအရ မူလခံနိုင်ဝန်အား ၃၆ တန်မှ ၅၀ % ကြံ့ခိုင်မှုအဆင့် လျော့ကျနေမှုကြောင့် တန် ၆၀ ခံ လုံခြုံစိတ်ချရသော တံတားအသစ် တစ်စင်းကို မည်သည့်ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း ၁၆

၁၁ လှည်းကူးမြို့နယ်တွင် ပုဂ္ဂလိကကုမ္ပဏီတစ်ခုနှင့် အကျိုးတူပူးပေါင်း အကောင်အထည်ဖော်ရန် ဆောင်ရွက်နေသော Eco Green City စီမံကိန်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်က ရသင့်ရထိုက်သည့် အကျိုးအမြတ်ခွဲဝေမှုရရှိအောင် မည်ကဲ့သို့စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးရှိသော စီမံကိန်းတစ်ရပ်အဖြစ် ပွင့်လင်းမြင်သာစွာ ချပြဆောင်ရွက်သွားရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း ၁၈

၁၂ ဒေါ်မာမာခိုင်၊ သထုံမဲဆန္ဒနယ်က နိုင်ငံတွင်တစ်နေ့တခြား လူဦးရေထူထပ်များပြားလာခြင်းကြောင့် နေထိုင်ရန်နေရာအခက်အခဲကို ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းရှိ စားကျက်မြေများ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ပြန်လည်စိစစ်ဖော်ထုတ်၍ မြို့ရွာစီမံချက်ကို စနစ်တကျ အမြန်ဆုံးချမှတ်ဆောင်ရွက်ပေးပါရန် အစိုးရသို့တိုက်တွန်းကြောင်း အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း ၂၄

၁၃ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း ၃၀

၁၄ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း ၃၄

၁၅ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် ၃၅

နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး

## ဒုတိယနေ့ အစီအစဉ်

## [ ၁၃–၁၁–၂၀၁၈ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၃၁–၃–၂၀၁၆ ရက်နေ့ရှိ ခွင့်ပြုပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ၁–၄–၂၀၁၆ မှ ၃၁–၃–၂၀၁၈ ထိ တိုးလာသော ရင်နှီးမြှုပ်နှံမှုများ နှင့် လုပ်ငန်းကဏ္ဍအလိုက်ကုမ္ပဏီ၊ လုပ်ငန်းအရေအတွက်၊ ရင်းနှီးပြီး ငွေပမာဏ (US- ဒေါ်လာဖြင့်)၊ တည်ဆဲဥပဒေ၊ စာချုပ်စည်းကမ်း မလိုက်နာမှု၊ အခွန်ရှောင်တိမ်းမှုများကြောင့် လုပ်ငန်း ပိတ်သိမ်း အရေးယူခဲ့ရမှုနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတွင် ပိုမိုရင်းနှီးမြှုပ်နှံ လာစေရေး အခွင့်အလမ်းဖော်ဆောင်ပေးမည့်အစီအမံများရှိ လျှင် ရှင်းလင်းချပြနိုင်ရေး** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးအာမိုးဆီ၊ ခေါင်လန်ဖူး မဲဆန္ဒနယ်၏ **ခေါင်လန်ဖူး–ညီတားဒီလမ်း (၅၅) မိုင်ပေါ်တွင် တည်ရှိသည့် ချီလာဝါဒီနှင့် အဘွန်ထန်ကြားရှိ ပျက်စီးနေသည့် လမ်း၊ တံတားများအား ဖောက်လုပ်ပြုပြင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးကံမြင့်၊ သရက် မဲဆန္ဒနယ်၏ **ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်မှ ဘဏ္ဍာရေးနှစ် အဆက်ဆက် ကြွေးပေးသွင်းရန် ကျန်ရှိသောငွေ (၂၈၈၀.၅၀၀) သန်းအား ယနေ့အထိ မည်မျှပေးသွင်းပြီးကြောင်းနှင့် မည်သို့အရေးယူ ဆောင်ရွက်နေသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်ရှိ ကမ်းထောင်ကြီး–သရက်တောင် မြို့၊ ရွာချင်းဆက်လမ်းပေါ်ရှိ ပေါက်တူးတောင် ချောင်းကူးတံတားနှင့် ကမ်းထောင်ကြီး– သရက်တောင် မြို့၊ ရွာချင်းဆက် မြေသားလမ်းအား မည်သည့် ဘဏ္ဍာနှစ်တွင် အပြီးဆောင်ရွက်ပေးမည် နှင့် မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် မည်သည့်ဘဏ္ဍာနှစ်တွင် အဆင့်မြှင့်တင် ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်၏ **ရန်ကုန်မြို့အဝင်လမ်းမကြီး များအား လမ်းအဆင့်မြှင့်တင်ရန်၊ လမ်းမီးများထွန်းရန်၊ မြေယာ ရှုခင်း(Landscape)များ ပြုလုပ်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါက်တာဦးစိုးမိုးသူ၊ မြောင်းမြ မဲဆန္ဒနယ်၏ **ပင်လယ်လေး (လပွတ္တာ) ကြိုးတံတားသည် ပညာရှင်များ၏ စစ်ဆေးမှုများအရ**

**မူလခံနိုင်ဝန်အား (၃၆) တန်မှ ၅၀% ကြံ့ခိုင်မှုအဆင့် လျော့ကျနေမှုကြောင့် တန်(၆၀) ခံ လုံခြုံစိတ်ချရသော တံတားအသစ်တစ်စင်းကို မည်သည့်ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါ်ခင်စန်းလှိုင်၊ ပုလဲ မဲဆန္ဒနယ်၏ **လှည်းကူးမြို့နယ်တွင် ပုဂ္ဂလိကကုမ္ပဏီတစ်ခုနှင့် အကျိုးတူပူးပေါင်းအကောင် အထည်ဖော်ရန်ဆောင်ရွက်နေသော Eco Green City စီမံကိန်းနှင့်စပ်လျဉ်း၍နိုင်ငံတော်က ရသင့်ရထိုက်သည့် အကျိုးအမြတ်ခွဲဝေမှုရရှိအောင်မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးရှိသော စီမံကိန်းတစ်ရပ်အဖြစ်ပွင့်လင်းမြင်သာစွာ ချပြဆောင်ရွက်သွားရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါ်မာမာခိုင်၊ သထုံ မဲဆန္ဒနယ်က **"နိုင်ငံတွင် တစ်နေ့တစ်ခြား လူဦးရေထူထပ်များပြားလာခြင်းကြောင့် နေထိုင်ရန် နေရာအခက်အခဲကိုဖြေရှင်းနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းရှိ စားကျက်မြေများ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ပြန်လည်စိစစ်ဖော်ထုတ်၍ မြို့ရွာစီမံချက်ကို စနစ်တကျအမြန်ဆုံးချမှတ်ဆောင်ရွက်ပေးပါရန် အစိုးရသို့ တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့သော **"အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့သော **"အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး
## ဒုတိယနေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်**
**(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်)**
**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၄ ဦးရှိသည့်အနက် ၃၉၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၀၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

မူကြမ်း

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၄ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၅ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၁၆ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၁ ရက်၊
(၂) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၁ ရက်၊
(၃) ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း ခွင့် ၁ ရက်၊
(၄) ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ခွင့် ၂ ရက်၊
(၅) ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်း(ခ)ဦးအာလူး ခွင့် ၁ ရက်၊
(၆) ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့် ခွင့် ၁ ရက်၊
(၇) ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင် ခွင့် ၁ ရက်၊
(၈) ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်း ခွင့် ၁ ရက်၊
(၉) မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ခွင့် ၁ ရက်၊
(၁၀) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ခွင့် ၁ ရက်၊
(၁၁) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး ခွင့် ၁ ရက်၊
(၁၂) ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးသန်းစိုးအောင် ခွင့် ၁ ရက်၊
(၁၃) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၁ ရက်၊
(၁၄) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် ခွင့် ၁ ရက်၊
(၁၅) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၁ ရက်နှင့်
(၁၆) ရေတာရှည်မဲဆန္ဒနယ်မှ ဦးကြည်မိုးနိုင် ခွင့် ၂ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၂၃ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၆ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏

ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၄ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၃ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၆ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၃၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်စတင်ဆောင်ရွက်ပါ့မယ်။

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၃၁-၃-၂၀၁၆ ရက်နေ့ရှိ ခွင့်ပြုပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ၁-၄-၂၀၁၆ မှ ၃၁-၃-၂၀၁၈ ထိ တိုးလာသော ရင်းနှီးမြှုပ်နှံမှုများနှင့် လုပ်ငန်းကဏ္ဍအလိုက် ကုမ္ပဏီ၊ လုပ်ငန်းအရေအတွက်၊ ရင်းနှီးပြီးငွေပမာဏ (US ဒေါ်လာဖြင့်)၊ တည်ဆဲဥပဒေ၊ စာချုပ်စည်းကမ်း မလိုက်နာမှု၊ အခွန်ရှောင်တိမ်းမှုများကြောင့် လုပ်ငန်းပိတ်သိမ်းအရေးယူခဲ့ရမှုနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတွင် ပိုမိုရင်းနှီးမြှုပ်နှံလာစေရေး အခွင့်အလမ်းဖော်ဆောင်ပေးမည့်အစီအမံများရှိလျှင် ရှင်းလင်းချပြနိုင်ရေးနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အကြီးအကဲများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်ပတ်သက်လို့ မေးမြန်းမှာဖြစ်ပါတယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုတာ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် အလွန်အရေးပါတဲ့ကဏ္ဍမှာရှိနေပါတယ်။ နိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းကဏ္ဍကြီးတွေဖြစ်တဲ့ လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ စက်မှုလုပ်ငန်းကဏ္ဍ၊ ခရီးသွားပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ သယံဇာတထုတ်လုပ်ရေးနှင့် စွမ်းအင်လျှပ်စစ်ဓာတ်အားဝန်ဆောင်မှုလုပ်ငန်းစတဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဟာ မရှိမဖြစ် အရေးပါတဲ့ အခန်းကဏ္ဍမှာရှိပါတယ်။ တစ်ဖက်ကလည်းပဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေဝင်ရောက်လာတာနဲ့အမျှ နိုင်ငံတွင်းမှာဖြစ်ပေါ်နေတဲ့ အလုပ်လက်မဲ့ပြဿနာတွေနဲ့ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းတွေအတွက်လည်း အထောက်အပံ့တွေ အများကြီး ရလာနိုင်မှာဖြစ်ပါတယ်။ ဒီမေးခွန်းကို မေးမြန်းရတဲ့ရည်ရွယ်ချက်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ တင်ပြခဲ့တဲ့ လုပ်ငန်းကဏ္ဍတစ်ခုချင်း အနေအထားအရ အားသာချက်၊ အားနည်းချက်များ လေ့လာသိရှိနိုင်ရေး နိုင်ငံရဲ့အဓိကအားထားရတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေး ရင်းနှီးမြှုပ်နှံမှုများစီးဝင်လာအောင် ဆွဲဆောင်ဖိတ်ခေါ်နိုင်ရေးနဲ့ လိုအပ်ချက်များ၊ အားနည်းချက်များ အကြံပြုဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ပြီး မေးမြန်းရတာဖြစ်ပါတယ်။

ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနဲ့ပတ်သက်ပြီးတော့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၃၁-၃-၂၀၁၆ ရက်နေ့တွင် ခွင့်ပြုပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ၁-၄-၂၀၁၆ ခုနှစ်မှ ၃၁-၃-၂၀၁၈ ခုနှစ်အထိ အစိုးရသစ်ကာလအတွင်း တိုးတက်လာတဲ့ ရင်းနှီးမြှုပ်နှံမှုများနှင့် လုပ်ငန်းကဏ္ဍအလိုက် ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းအရေအတွက် ရင်းနှီးမြှုပ်နှံပြီးငွေ US ဒေါ်လာဖြင့် တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း မလိုက်နာမှု အခွန်ရှောင်တိမ်းမှုများကြောင့် လုပ်ငန်းပိတ်သိမ်းအရေးယူရမှုနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍမှာ ပိုမိုရင်းနှီးမြှုပ်နှံလာရေး အခွင့်အလမ်းဖော်ဆောင်ဖိတ်ခေါ်မယ့်အစီအမံများ ရှိလျှင် ရှင်းလင်းချပြနိုင်ရေး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်က ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ယနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုက မေးမြန်းထားတဲ့ နိုင်ငံဖွံ့ဖြိုးရေးအတွက် အရေးပါသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်တဲ့အချက်ကို ပြန်လည်ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ၁၉၈၈ ခုနှစ်မှာ စတင်ပြဋ္ဌာန်းခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်ကနေပြီးတော့ ၃၁-၃-၂၀၁၆ ရက်နေ့အထိ ဒီ ၂၈ နှစ်တာကာလမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၁၁၀ ခုကို ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုပမာဏမှာတော့ စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၃.၇၂ ဘီလီယံ ဖြစ်ပါတယ်။ အဲဒီ ၂၀၁၆ ခုနှစ်ကနေပြီးတော့ ၂၀၁၈

ခုနှစ်အထိ နှစ်နှစ်တာကာလအတွင်းမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း နောက်ပြီးတော့ ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍတို့မှအပ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍ စတဲ့လုပ်ငန်းကဏ္ဍ ၁၀ ခုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၃၆၀ ခု ဝင်ရောက်ခဲ့ပြီးတော့ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၂.၃၇ ဘီလီယံ ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ အစိုးရသစ်လက်ထက် ၂၀၁၆ ခုနှစ် ဧပြီလကနေပြီးတော့ ၂၀၁၈ ခုနှစ် မတ်လကုန်အထိ နှစ်နှစ်တာကာလအတွင်းမှာ ခွင့်ပြုပေးခဲ့တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏစုစုပေါင်းဟာ ၁၉၈၈ ခုနှစ်ကနေပြီးတော့ ၂၀၁၈ ခုနှစ်အထိ မတ်လကုန်အထိ နှစ်ပေါင်း ၃၀ အတွင်း ခွင့်ပြုခဲ့တဲ့ ရင်းနှီးမြှုပ်နှံမှုစုစုပေါင်းရဲ့ ၁၆.၂၅ ရာခိုင်နှုန်းဖြစ်တဲ့အတွက် ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှာ တိုးတက်မှုရှိကြောင်းကို တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ လုပ်ငန်းများဆောင်ရွက်နေတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအနက် MIC Permit ခွင့်ပြုမိန့်ထက် ဆောင်ရွက်နေတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်ပတ်သက်ပြီးတော့ တည်ဆဲဥပဒေ၊ စာချုပ်စည်းကမ်း မလိုက်နာမှု၊ အခွန်တိမ်းရှောင်မှုများကြောင့် လုပ်ငန်းပိတ်သိမ်းရန် အရေးယူခဲ့မှုများမရှိခဲ့ကြောင်း တင်ပြအပ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍမှာ ပိုမိုရင်းနှီးမြှုပ်နှံလာစေရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ အမိန့်ကြော်ငြာစာ(၁၃/၂၀၁၇)အရ ဆေးရွက်ကြီး ဗာဂျီးနီးယားဆေးများစိုက်ပျိုးထုတ်လုပ်ခြင်းမှလွဲ၍ လယ်ယာစိုက်ပျိုးရေး၊ သစ်တောစိုက်ပျိုးပြုစုရေးနဲ့ တခြားသစ်တောလုပ်ငန်းများ၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများနှင့် ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းများနှင့် ၎င်းတို့နှင့် ဆက်စပ်လျက်ရှိတဲ့ ဝန်ဆောင်မှုလုပ်ငန်းများကို ဦးစားပေးမြှင့်တင်ပြီး ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ Promoted Sector များအဖြစ် သတ်မှတ်ထားပါတယ်။ အဲဒါကြောင့်မို့လို့ ဦးစားပေးမြှင့်တင်မယ့်ကဏ္ဍများမှာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်မယ့်လူတွေအနေနဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၇၅ အရ လုပ်ငန်းဆောင်ရွက်တဲ့အပေါ်၊ ဒေသအပေါ်မူတည်ပြီးတော့ ဝင်ငွေခွန်ကင်းလွတ်ခွင့် သုံးနှစ်မှ ခုနစ်နှစ်အထိ လျှောက်ထားခံစားခွင့်ရရှိမှာဖြစ်ပါတယ်။ ဒါ့အပြင် စိုက်ပျိုးထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် စိုက်ပျိုးရေးအခြေခံတန်ဖိုးမြှင့်ကုန်ထုတ်လုပ်ငန်းများ၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများနှင့် ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်ခြင်း လုပ်ငန်းများ အဆိုပြုတင်ပြလာပါက ဦးစားပေးဆောင်ရွက်သွားမည့်လုပ်ငန်းများ Priority Sector များအဖြစ်သတ်မှတ်ထားပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များကလည်း လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က အသိပေးကြေညာခဲ့ပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် စပ်လျဉ်းပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ စီမံဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြအပ်ပါတယ်။

**ခေါင်လန်ဖူး-ညီတားဒီလမ်း (၅၅)မိုင်ပေါ်တွင်တည်ရှိသည့် ချီလာဝါဒီနှင့် အဘွန်ထန်ကြားရှိ ပျက်စီးနေသည့် လမ်း၊ တံတားများအား ဖောက်လုပ်ပြုပြင်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအာမိုးဆီ(ခေါင်လန်ဖူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ခေါင်လန်ဖူး မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ခေါင်လန်ဖူး-ညီတားဒီလမ်း ၅၅ မိုင်ပေါ်တွင်တည်ရှိသည့် ချီလာဝါဒီနှင့် အဘွန်ထန်ကြားရှိ ပျက်စီးနေသည့် လမ်း၊ တံတားများအား အမြန်ဆုံးဖောက်လုပ်ပြုပြင် တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ခေါင်လန်ဖူးမြို့နယ်သည် မြန်မာနိုင်ငံ၏မြောက်ဘက်အကျဆုံးတွင်တည်ရှိပြီး ပင်လယ်ပြင် မျက်နှာပြင်အထက် အမြင့်ပေ ၄၆၈၀ တွင်တည်ရှိကာ ဧရိယာစတုရန်းမိုင်ပေါင်း ၂၀၈၀.၃၉ ကျယ်ဝန်းပြီး လူဦးရေပေါင်း ၁၅၀၀၀ ကျော်နေထိုင်သည့် မြို့နယ်ဖြစ်ပါတယ်။ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေးစသည့်ကဏ္ဍများတွင် များစွာနောက်ကျနေတဲ့မြို့နယ်လည်း ဖြစ်ပါတယ်။ ခေါင်လန်ဖူးမြို့နယ်တွင် အဓိကလမ်းမကြီးအနေဖြင့် ခေါင်လန်ဖူး-မကွေဇ-ပူတာအိုလမ်း ၁၃၀ ကျော်နှင့် ခေါင်လန်ဖူး-ညီတားဒီလမ်း ၅၅ မိုင်တို့ဖြစ်ပါတယ်။ ထိုလမ်းနှစ်လမ်းအနက် ခေါင်လန်ဖူး-ညီတားဒီလမ်း ၅၅ မိုင်သည် ဌာနဆိုင်ရာနှင့်ပြည်သူလူထုများ၊ ကျောင်းသားလူငယ်များ သွားလာအသုံးပြုမှုအများဆုံးဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်ကတည်းက မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တံတားများကျိုးကျပျက်စီးခြင်း၊ လမ်းများမြေပြိုခြင်းများဖြစ်ပေါ်ခဲ့ရသည်။ နှစ်စဉ် ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှတာဝန်ယူပြုပြင်ထိန်းသိမ်းလာခဲ့သော်လည်း ယခုအခါ ပြုပြင်မှုအားနည်းလာသဖြင့် ဌာနဆိုင်ရာများနှင့်ပြည်သူများ သွားလာရခက်ခဲလျက်ရှိသည်ကို တွေ့ရှိရပါသည်။ အထူးသဖြင့် ယမန်နှစ်က ချီလာဝါဒီနှင့်အဘွန်ထန်ကြား ပျက်စီးနေသည့်လမ်းနှင့်တံတားများ ပြုပြင်ဖောက်လုပ်ရန် ဘတ်ဂျက်ရရှိပြီး တင်ဒါအောင်မြင်သည့်ကုမ္ပဏီများအတွက် နေရာသတ်မှတ်တိုင်းတာပြီးမှ အကြောင်းအမျိုးမျိုးပြကာ အခြားတစ်နေရာသို့ ပြောင်းရွှေ့ခဲ့ရပါတယ်။

ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါ။ အဆိုပါလမ်းများကိုကြည့်ပါက ဌာနဆိုင်ရာများနှင့် ပြည်သူလူထုများ အဆင်ပြေစွာသွားလာနိုင်စေရန်အတွက် လမ်းနှင့်တံတားများပြုပြင်ဖောက်လုပ် ဆောင်ရွက်ပေးရန် များစွာကျန်ရှိနေသည်ကိုတွေ့ရှိရမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူလူထုများ အများဆုံးအသုံးပြုနေသည့် ခေါင်လန်ဖူး-ညီတားဒီလမ်း ၅၅ မိုင်ပေါ်တွင်တည်ရှိသည့် ချီလာဝါဒီနှင့် အဘွန်ထန်ကြား သွားလာရေးလွယ်ကူစေရန်အတွက် ပျက်စီးနေသည့် လမ်း၊ တံတားများအား အမြန်ဆုံးဖောက်လုပ်ပြုပြင် တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် ဦးအာမိုးဆီမှမေးမြန်းထားတဲ့ ခေါင်လန်းဖူးမြို့နယ်ရှိ ပြည်သူလူထု အများဆုံး အသုံးပြုနေသည့် ခေါင်လန်ဖူး-ညီတားဒီလမ်း ၅၅ မိုင်ပေါ်တွင်တည်ရှိသည့် ချီလာဝါဒီနှင့် အဘွန်ထန် ကြားရှိ ပျက်စီးနေသည့် လမ်း၊ တံတားများအား အမြန်ဆုံးဖောက်လုပ်ပြုပြင်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ ခေါင်လန်ဖူး-ညီတားဒီလမ်းသည် စုစုပေါင်းလမ်းအရှည် ၅၅ မိုင်ရှိပြီး ၎င်းလမ်းသည် လမ်းဦးစီးဌာနမှစီမံခန့်ခွဲသောလမ်းအပိုင်း ဖြစ်ပါတယ်။ ယခုမေးမြန်းသော မေးခွန်းသည် မိုင်တိုင်အမှတ်(၂၀) အဘွန်ထန်မှ မိုင်တိုင်အမှတ်(၄၂) ချီလာဝါဒီထိ ၂၂ မိုင်လမ်းပိုင်းဖြစ်ပါတယ်။ အဆိုပါလမ်းပိုင်းနှင့်ပတ်သက်ပြီးတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေ ၈၁၀ သန်းနဲ့ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေ ၂၇.၅ သန်းတို့ရရှိခဲ့ပါတယ်။ သို့သော်လည်းပဲ ခေါင်လန်ဖူးမှ အဘွန်ထန်လမ်းပိုင်းသည် မော်တော်ကားလမ်းမပေါက်သေးတဲ့ လူသွားလမ်းအဆင့်ပဲ ရှိပါသေးတယ်။ ဒီအချိန်မှာတော့ ချီလာဝါဒီမှ ညီတားဒီထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ အကူအညီဖြင့် မော်တော်ကားလမ်းက ပေါက်ထားပြီး ဖြစ်ပါတယ်။ သို့သော်လည်းပဲ အုပ်ချုပ်မှုပိုင်းဆိုင်ရာအရလည်းကောင်း၊ စီမံခန့်ခွဲမှုပိုင်းဆိုင်ရာအရလည်းကောင်း၊ နယ်မြေဒေသလုံခြုံမှုပိုင်းဆိုင်ရာအရသော်လည်းကောင်း၊ လိုအပ်ချက်များစွာရှိတဲ့အတွက် ပထမဦးစွာ ခေါင်လန်ဖူးမှ အဘွန်ထန်သို့ မော်တော်ကားလမ်းဦးစွာပေါက်နေဖို့ လိုအပ်ပါတယ်။ ထိုမှတစ်ဆင့် အဘွန်ထန်မှ ချီလာဝါဒီသို့ တစ်ဆင့်ချင်းမော်တော်ကားလမ်းဖောက်လုပ်ဖို့အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အကြံပြုထားပါတယ်။ သို့ဖြစ်ပါ၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ အကြံပြုချက်အရ အဘွန်ထန်မှ ချီလာဝါဒီလမ်းပိုင်းရှိ ရန်ပုံငွေများကို ခေါင်လန်းဖူးမှအဘွန်ထန်လမ်းပိုင်းသို့ လုပ်ငန်းပြောင်းလဲဆောင်ရွက်စေခဲ့ပါတယ်။ အဆိုပါ လမ်းပိုင်းတွင် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း၊ သစ်သားတံတားသုံးစင်း၊ ကြိုးတံတားအသစ်တစ်စင်း အသစ်ပြုပြင်ခြင်းလုပ်ငန်းနှင့် ပြည်နယ်ပြင်ဆင် ထိန်းသိမ်းခြင်းရန်ပုံငွေ၊ လူ၊ လားများ သာမန်သွားလာနိုင်ရန် ပြင်ဆင်ထိန်းသိမ်းခြင်းများဆောင်ရွက်ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၈ ဘဏ္ဍာရေးနှစ်(ဧပြီလ၊ စက်တင်ဘာလထိ) ခြောက်လတွင် ရန်ပုံငွေမရရှိခဲ့ပါ။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေကျပ်သန်း ၃၀ ဖြင့် သစ်သားတံတား ၁၀ စင်း အသစ်ပြုပြင်ဆောက်လုပ်ခြင်းနှင့် ပြည်နယ်

ပြင်/ထိန်းရန်ပုံငွေဖြင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ဖို့အတွက် ရန်ပုံငွေများရရှိပြီးဖြစ်ပါတယ်။ ဆောင်ရွက်ရန်ကျန်ရှိသည့်လုပ်ငန်းများအတွက် ရန်ပုံငွေတောင်းခံသွားမှာဖြစ်ပါတယ်။ ရန်ပုံငွေများရရှိပါက ခေါင်လန်ဖူး-အဘွန်ထန်လမ်းပိုင်းအား အဓိကဦးစွားပေးအနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန နေပြည်တော်မှ ဘဏ္ဍာရေးနှစ်အဆက်ဆက် ကြွေးပေးသွင်းရန်ကျန်ရှိသော ငွေ(၂၈၈၀.၅၀၀)သန်းအား ယနေ့အထိမည်မျှ ပေးသွင်းပြီးဖြစ်ကြောင်းနှင့် မည်သို့အရေးယူဆောင်ရွက်နေသည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကံမြင့်(သရက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ သရက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနဲ့ အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန နေပြည်တော်မှ ဘဏ္ဍာရေးနှစ်အဆက်ဆက် ကြွေးကျန်ပေးသွင်းရန် ကျန်ရှိသောငွေကျပ် ၂၈၈၀.၅ သန်းအား ယနေ့ထိ မည်မျှပေးသွင်းပြီးကြောင်းနှင့် မည်သို့အရေးယူဆောင်ရွက်နေသည်ကို သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ ကြွေးကျန်ငွေမှာ နိုင်ငံတော်ပိုင်အဆောက်အဦများ ရောင်းချရေးကော်မတီ ကြီးကြပ်မှုဖြင့် ရောင်းချသောမြေကွက်နှစ်ကွက်၏ ကြွေးကျန်ငွေဖြစ်ပါတယ်။ အဆိုပါကြွေးကျန်ငွေများမှာ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၂၉)C/၁ မြေကွက်အမှတ်(၇)A ဧရိယာ ၀.၁၀၄ ဧကရှိမြေနေရာအား ၂၀၁၁ ခုနှစ်တွင် ဦးစောသိန်းပါ သုံးဦးမှ ကျပ် ၅၁၅ သန်းဖြင့် လေလံအောင်မြင်ခဲ့ပြီး တန်ဖိုးငွေ၏ ၃၀ ရာခိုင်နှုန်းဖြစ်သော ကျပ် ၁၅၄ သန်းအား ပေးသွင်းပြီး တန်ဖိုးငွေ၏ ၇၀ ရာခိုင်နှုန်း ကျပ် ၃၆၀.၅ သန်းပေးသွင်းရန် ကျန်ရှိနေကြောင်းနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ် (၂)ရပ်ကွက် ရွှေတောင်ကြားလမ်း အမှတ်(၁၉) ဧရိယာ ၀.၄၃၄ ဧကရှိမြေကွက်အား နိုင်ငံတော်ပိုင်သိမ်းဆည်းထားသောပစ္စည်းများ၊ အိမ်ရာစီမံကိန်းများရှိ အဆောက်အဦများနှင့် မြေယာကွက်များစီမံခန့်ခွဲရေး ကော်မတီမှ ၂၀၁၁ ခုနှစ် တွင် လေလံတင်ရောင်းချခဲ့ရာတွင် ဦးအောင်သက်မန်းမှ တန်ဖိုးငွေကျပ် ၃၆၀၀ သန်းဖြင့် ဝယ်ယူခွင့်ရရှိခဲ့ပြီး မြေကွက်တန်ဖိုး၏ ၃၀ ရာခိုင်နှုန်း ကျပ် ၁၀၈၀ သန်းအား နိုင်ငံတော်သို့ပေးသွင်းခဲ့ပြီး ဖြစ်ပါတယ်။ မြေကွက်တန်ဖိုး၏ ၇၀ ရာခိုင်နှုန်း ကျပ် ၂၅၂၀ သန်းပေးသွင်းရန်ကျန်ရှိသဖြင့် ဖော်ပြပါ မြေကွက်နှစ်ကွက်အတွက် စုစုပေါင်းပေးသွင်းရန် ငွေကျပ် ၂၈၈၀.၅ သန်းအား ယနေ့ထိ မည်မျှ ပေးသွင်းပြီးဖြစ်ကြောင်း မည်သို့အရေးယူဆောင်ရွက်နေကြောင်း သိရှိလိုပါ၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် မကွေးတိုင်းဒေသကြီး၊ သရက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကံမြင့်၏ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန နေပြည်တော်မှ ဘဏ္ဍာနှစ်အဆက်ဆက် ကြွေးကျန်ပေးသွင်းရန်ကျန်ရှိသော ငွေ ၂၂၈၀.၅ သန်းအား ယနေ့ထိ မည်မျှပေးသွင်းပြီးကြောင်းနှင့် မည်သို့အရေးယူဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ပေးသွင်းရန်ကျန်ရှိသော ဘဏ္ဍာရေးနှစ်အဆက်ဆက် ကြွေးကျန်ငွေမှာ ၂၂၈၀.၅ သန်းဖြစ်ပါတယ်။ အဆိုပါကြွေးကျန်ငွေများမှာ နိုင်ငံတော်ပိုင်အဆောက်အဦများ ရောင်းချရေးကော်မတီ၏ ကြီးကြပ်မှုဖြင့်ရောင်းချသော မြေကွက်နှစ်ကွက်၏ ကြွေးကျန်ငွေများဖြစ်ပြီး အရေးယူဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ အဆိုပါမြေကွက်နှစ်ကွက်အနက်မှ ပထမဦးဆုံးအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ် မြေတိုင်းရပ်ကွက် အမှတ်(၂၉) C/၁ မြေကွက်အမှတ်(၇)A ဧရိယာ ၀.၁၀၄ ဧကရှိ မြေနေရာအား ၂၀၁၁ ခုနှစ်တွင် ဦးစောသိန်းအပေါင်းသုံးဦးမှ ကျပ် ၅၁၅ သန်းဖြင့် လေလံအောင်မြင်ခဲ့ပြီး တန်ဖိုးငွေ၏ ၃၀ ရာခိုင်နှုန်းဖြစ်သော ကျပ် ၁၅၄ သန်းကို ပေးသွင်းခဲ့ကာ တန်ဖိုးငွေ၏ ၇၀ ရာခိုင်နှုန်း ၃၆၀.၅ သန်း ပေးသွင်းရန်ကျန်ရှိပါတယ်။ ၎င်းမြေကွက်ပေါ်တွင် စရီသန်ဒါယူသပါနီ ဘုရားကျောင်း၏ ဝင်/ထွက်လမ်းနှင့် နတ်ကွန်းကျူးကျော်များ တည်ရှိနေပါသဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက လေလံအောင်မြင်သူနှင့် ဟိန္ဒူဘုရားကျောင်းမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသော်လည်း ပြေလည်မှုမရရှိခဲ့ပါသဖြင့် နိုင်ငံတော်သို့ပေးသွင်းရန်ကြွေးကျန်ငွေများအား အမြန်ဆုံးပေးသွင်းနိုင်ရေးနှင့် မြေနေရာပြဿနာများရှင်းလင်းနိုင်ရေး အတွက် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်မှ စိစစ်ရေးအဖွဲ့ကို ယခင်အစိုးရအဖွဲ့ တာဝန်ယူစဉ်ကာလ အတွင်း ၂၈-၁-၂၀၁၅ ရက်စွဲဖြင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက ဥက္ကဋ္ဌအဖြစ် ပါဝင်ဖွဲ့စည်းပေးခဲ့ပြီး အဆိုပါအဖွဲ့က ညှိနှိုင်းဆွေးနွေးမှုများ ထပ်မံပြုလုပ်ခဲ့သော်လည်း ပြေလည်မှုများမရရှိခဲ့ပါသဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ဥပဒေ အကြံပြုချက်များတောင်းခံခဲ့ပါတယ်။ ဥပဒေအကြံပြုချက်အရ ၎င်းမြေပေါ်တွင် အသုံးပြုလျက်တဲ့ ဟိန္ဒူဘုရားကျောင်း ဝင်/ထွက်လမ်းနှင့် နတ်ကွန်းကျူးကျော်များအား ဖယ်ရှားပေးနိုင်ခြင်းမရှိပါက အောက်မြန်မာပြည် မြို့နှင့်ကျေးရွာမြေများအက်ဥပဒေပုဒ်မ ၁၉၊ ၂၀၊ ၂၁ တို့ဖြင့် အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း စရီသန်ဒါယူသပါနီဘုရားကျောင်းသို့ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ၉-၂-၂၀၁၇ ရက် ရက်စွဲပါစာဖြင့် အကြောင်းကြားခဲ့ပြီးဖြစ်ပါတယ်။ ဖယ်ရှားပေးနိုင်ရေးအတွက် ဆောင်ရွက်ခွင့်ပြုပေးနိုင်ပါရန် ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ ၅-၆-၂၀၁၇ ရက်နေ့နဲ့

၁၃-၁၂-၂၀၁၇ ရက်နေ့တို့တွင် နှစ်ကြိမ်တင်ပြခဲ့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၁၈-၁-၂၀၁၈ ရက်နေ့တွင်ကျင်းပတဲ့ အစည်းအဝေးအမှတ်(၃/၂၀၁၈) ဆုံးဖြတ်ချက်အပိုဒ် ၁၁ အရ အဆိုပါလေလံရောင်းချထားခြင်းကို ဖျက်သိမ်းရန်ဆုံးဖြတ်ခဲ့ပါသဖြင့် သိရှိညွှန်ကြားနိုင်ပါရန် ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်သို့ ၃-၄-၂၀၁၈ ရက်စွဲပါစာဖြင့် တင်ပြခဲ့ပါတယ်။ ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်၏ ၂၆-၄-၂၀၁၈ နေ့တွင်ကျင်းပတဲ့ (၄/၂၀၁၈)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက် အပိုဒ်(ဃ)ပါ လေလံကိုဖျက်သိမ်းရန် ရန်ကုန်တိုင်းဒေသကြီးမှ အကြောင်းကြားလာခြင်း ကိစ္စကို ဆိုင်းငံ့ထားရန်ဟု ဆုံးဖြတ်ခဲ့ကြောင်း ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး၏ ၂၅-၅-၂၀၁၈ ရက် ရက်စွဲပါ အကြောင်းကြားစာအရ လေလံဖျက်သိမ်းတဲ့ကိစ္စကိုလည်း ဆိုင်းငံ့ထားပါကြောင်းနှင့် မြေပေါ် ရှင်းလင်းမှုများ ပြီးပြတ်ခြင်းမရှိသေး၍ ဦးစောသိန်းပါ သုံးဦးက ပေးသွင်းရန်ကျန်ရှိငွေများကို ပေးသွင်းနိုင်ခြင်းမရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံပိုင်အဆောက်အဦများ ရောင်းချရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ရောင်းချသောမြေကွက်နှစ်ကွက်မှ ကျန်ရှိတဲ့ ဒုတိယမြေကွက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ် (၂)ရက်ကွက် ရွှေတောင်ကြားလမ်း အမှတ်(၁၉)မြေဧရိယာ ၀.၄၃၄ ဧကရှိပြီးတော့ ၎င်းမြေကွက်ကို နိုင်ငံပိုင်သိမ်းဆည်းထားသော ပစ္စည်းများ၊ အိမ်ရာစီမံကိန်းများရှိ အဆောက်အဦများ နှင့် မြေယာကွက်များစီမံခန့်ခွဲရေးကော်မတီမှ ၂၀၁၁ ခုနှစ်တွင် လေလံတင်ရောင်းချခဲ့ရာ အဆိုပါ လေလံအား ဦးအောင်သက်မန်းက တန်ဖိုးငွေကျပ် ၃၆၀၀ သန်းဖြင့် ဝယ်ယူခွင့်ရရှိခဲ့ပြီး မြေကွက် တန်ဖိုး၏ ၃၀ ရာခိုင်နှုန်း ကျပ် ၁၀၈၀ သန်းကို နိုင်ငံတော်သို့ပေးသွင်းခဲ့ကာ မြေကွက်တန်ဖိုး၏ ၇၀ ရာခိုင်နှုန်း၏ ကျပ် ၂၅၂၀ သန်း ပေးသွင်းရန်ကျန်ရှိပါတယ်။ အဆိုပါမြေကွက်ပေါ်တွင် နေထိုင်လျက် ရှိတဲ့ ဦးတင်ရွှေမိသားစုအား ဖယ်ရှားပေးနိုင်ရေး ညှိနှိုင်းသဘောတူညီချက်များရရှိခဲ့ပါသဖြင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ မင်းကျောင်းလမ်း အမှတ်(၇) မြေဧရိယာ ၀.၃၈၂ ဧကရှိ မြေနှင့်အဆောက်အဦကို ဦးတင်ရွှေအား ကျပ် ၃၁၁၃.၀၅ သန်းဖြင့် ဝယ်ယူခွင့်ပြုပေးခဲ့ပါတယ်။ အဆိုပါဝယ်ယူခွင့်အတွက် ဦးတင်ရွှေမှ ငွေကြေးများလည်း အကျေပေးသွင်းပြီးဖြစ်ပါတယ်။ အဆိုပါ အမှတ်(၇) အဆောက်အဦအတွင်း ပျက်စီးနေတဲ့အမိုး၊ အကာ၊ အခင်းများ ဝင်ရောက်ပြင်ဆင်ခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ပြင်ဆင်ခွင့်နှင့်အတူ အဆောက်အဦ၏သော့ကိုပါ ၂၀၁၅ ခုနှစ် ဇူလိုင်လကတည်းက ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဦးတင်ရွှေ နေထိုင်လျက်ရှိတဲ့ အမှတ်(၁၉) ရွှေတောင်ကြားလမ်းနေအိမ်မှ ရွှေ့ပြောင်းပေးနိုင်ရေးအတွက်ကို လေးကြိမ်တိုင်တိုင် အကြောင်းကြားခဲ့သော်လည်း ဖယ်ရှားရွှေ့ပြောင်းခြင်းမပြုသောကြောင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ဥပဒေအကြံပြုချက်တောင်းခံခဲ့ရာမှာ အစိုးရမြေပေါ်၌ ကျူးကျော် နေထိုင်သူများကို ၁၈၉၈ ခုနှစ် အောက်မြန်မာပြည် မြို့နှင့်ကျေးရွာမြေအက်ဥပဒေပုဒ်မ ၁၉၊ ၂၀၊ ၂၁ တို့အရ ဖယ်ရှားနိုင်ကြောင်း အကြံပြုပြန်ကြားလာပါသဖြင့် ဦးတင်ရွှေနှင့် ၎င်း၏မိသားစုကို အဆိုပါမြေပေါ်မှ ရှင်းလင်းဖယ်ရှားနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီတို့နှင့်အတူ အခြားပါဝင်သင့်သည့် ဌာနဆိုင်ရာအဖွဲ့အစည်းတို့ဖြင့် ဖွဲ့စည်းဖယ်ရှား

ဆောင်ရွက်ခွင့်ပြုနိုင်ပါရန် လိုအပ်သည့်လမ်းညွှန်မှုများ ပြုလုပ်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တင်ပြခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံပိုင်သိမ်းဆည်းထားသော အိမ်ရာစီမံကိန်းများရှိ အဆောက်အဦများနှင့် မြေယာကွက်များစီမံခန့်ခွဲရေးကော်မတီမှ ရောင်းချထားတဲ့ မြေကွက်နှစ်ကွက် ပေါ်မှာ နေထိုင်သူများနှင့် ကျူးကျော်အဆောက်အဦများအား ရှင်းလင်းဖယ်ရှားနိုင်ရန်အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ညွှန်ကြားမှု ပြုနိုင်ပါရန် ၁၃-၁၂-၂၀၁၇ ရက်နေ့နှင့် ၃၀-၇-၂၀၁၈ ရက် ရက်စွဲပါစာများဖြင့် ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တင်ပြခဲ့ပါတယ်။ အဆိုပါတင်ပြခဲ့တဲ့ စာများနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အစိုးရမြေ၊ ဌာနဆိုင်ရာမြေများအတွင်း ခွင့်ပြုချက်မဲ့ ဝင်ရောက်နေထိုင်တဲ့ ကျူးကျော်များရှင်းလင်းရေးအား အမှုတွဲတစ်ခုချင်းစီအပေါ်သုံးသပ်၍ ဦးစီး ဆောင်ရွက်ရမည့်ဌာနကို အရေးယူဆောင်ရွက်ရန် ညွှန်ကြားသွားမည်ဖြစ်ပါကြောင်းကို ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့မှ ၅-၉-၂၀၁၈ ရက် နေ့စွဲပါစာဖြင့် အကြောင်းကြားလာခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ဦးတင်ရွှေအား ပြောင်းရွှေ့ပေးရေးနှင့် ဦးအောင်သက်မန်းမှ ပေးသွင်းရန်ကျန်ငွေများ၊ ပေးသွင်းရန် ကိစ္စရပ်နှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးကံမြင့်(သရက်မဲဆန္ဒနယ်)**။ ။ ကျွန်တော့်ကို ဆက်စပ်မေးခွန်း မေးခွင့်ပြုပါခင်ဗျား။ ဒုတိယဝန်ကြီး ဒီကိစ္စနဲ့ပတ်သက်လို့ အပြည့်အစုံဖြေကြားသွားတဲ့အတွက်ကြောင့် ကျွန်တော် အများကြီး ကျေးဇူးတင်ပါတယ်။ ဆက်လက်ပြီးတော့ နိုင်ငံတော်အတွက် ကြွေးကျန်ကျန်နေတဲ့ပိုက်ဆံကို ဘယ်လိုအရ ကောက်ခံပေးသွင်းသွားမယ်ဆိုတာလည်း ကျွန်တော်သိချင်လို့ ဒီမေးခွန်းကို ဆက်စပ် မေးခွန်းမေးရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနအနေနဲ့ ဖြေကြားနိုင်က ဖြေကြားပေးပါ။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရောင်းချထားတဲ့ မြေကွက်နှစ်ကွက်သည် နိုင်ငံပိုင်အဆောက်အဦများရောင်းချရေး ကော်မတီရဲ့ ကြီးကြပ်မှုနှင့်မူလရောင်းချခဲ့တာဖြစ်ပါတယ်။ ဌာနအနေနဲ့ကတော့ Executive Role မှာက မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနဟာ ငွေကြေးတွေလက်ခံတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ အဲဒီအတွက် ပထမဦးဆုံး မြေကွက်တစ်ကွက်ဖြစ်တဲ့ စမ်းချောင်းမြေကွက်ကတော့ စရီသန်ဒါယူသပါနီ ဟိန္ဒူဘုရားကျောင်းနဲ့ ဆက်စပ်နေတဲ့အတွက် Sensitive ကိစ္စဖြစ်တဲ့အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ သေချာလေ့လာသုံးသပ်ပြီးတော့မှ ဆောင်ရွက်လျက်ရှိပါတယ်။ ဆောင်ရွက်ပြီးတော့ ကျမှ နှစ်ပိုင်းရှိပါတယ်ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကတော့ လေလံကိုပြန်လည် ဖျက်လိုက်ပြီးတော့ကျမှ မူလပေးသွင်းထားတဲ့လူကို ဒီငွေပြန်အမ်းလိုက်ဖို့နဲ့ အကြံပြုထားပါတယ်။

သို့သော်လည်းပဲ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ကတော့ အဆိုပါအကြံပြုချက်ကို ခေတ္တဆိုင်းငံ့ထားပါတယ်ခင်ဗျ။ ဒါကြောင့်မို့လို့ ဒီကိစ္စလည်းပဲ ကော်မရှင်မှာ ဆွေးနွေးရမယ့်ကိစ္စဖြစ်နေပါတယ်။ ဒုတိယကိစ္စဖြစ်တဲ့ ဦးအောင်သက်မန်းပေးသွင်းရန် ကျန်တဲ့ကိစ္စကိုတော့ ကျွန်တော်တို့ဝန်ကြီးဌာနနဲ့ ကော်မရှင်ကနေပြီးတော့ အဲဒီပေါ်မှာနေထိုင်နေတဲ့ ဦးတင်ရွှေမိသားစုကို ဖယ်ရှားဖို့ကိစ္စ ကျွန်တော်တို့ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါကိုလည်းပဲ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ညှိနှိုင်းပြီးတော့ ဥပဒေ ၁၈၉၈ အောက်မြန်မာပြည် မြို့နှင့်ကျေးရွာမြေအက်ဥပဒေ ၁၉၊ ၂၀၊ ၂၁ နဲ့ ဖယ်ရှားရှင်းလင်းပြီးရင်တော့ ကျွန်တော်တို့က လက်ရောက်ပေးလိုက်ရင်တော့ ဦးအောင်သက်မန်းက ကျန်ရှိနေတဲ့ ငွေကြေးများကို ပေးသွင်းသွားမှာဖြစ်ပါတယ်။ ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်ရှိ ကမ်းထောင်ကြီး-သရက်တောင် မြို့၊ ရွာချင်းဆက်လမ်းပေါ်ရှိ ပေါက်တူးတောင် ချောင်းကူးတံတားနှင့် ကမ်းထောင်ကြီး-သရက်တောင် မြို့၊ ရွာချင်းဆက် မြေသားလမ်းအား မည်သည့်ဘဏ္ဍာနှစ်တွင် အပြီးဆောင်ရွက်ပေးမည်နှင့် မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် မည်သည့်ဘဏ္ဍာနှစ်တွင် အဆင့်မြှင့်တင်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မြေပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းဖြစ်ပါတယ်။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ မြေပုံမြို့နယ် ကမ်းထောင်ကြီးမြို့နှင့် သရက်တောင်ကျေးရွာ မြို့၊ ရွာချင်းဆက်လမ်းကို ဖောက်လုပ်ခြင်းနှင့်ပတ်သက်ပြီးတော့ လမ်းလည်းမပြီးသေးဘူး။ တံတားလည်းမပြီးသေးဘူးဆိုတဲ့အတွက် ပြည်သူတွေကတင်ပြတဲ့အတွက် ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ကမ်းထောင်ကြီးမြို့နှင့် မြေပုံမြို့ဆက်လမ်းဟာ သရက်တောင်ဆက်လမ်းဟာ တကယ်လိုပေါက်သွားမယ်ဆိုရင် ဒီသရက်တောင်က ပြည်သူတွေဟာ ရန်ကုန်-စစ်တွေလမ်းမကြီးကို အချိန်တိုအတွင်း ရောက်သွားမှာဖြစ်ပါတယ်။ ဒီလမ်းတံတားကို ၂၀၁၅-၂၀၁၆ ဘတ်ဂျက်နှစ်တည်းက စတင်လာခဲ့ပါတယ်။ လမ်းကတော့ ၃ မိုင်ရှည်ပြီးတော့ တံတားကတော့ ပေ ၂၀၀ ကျော်လောက် ရှည်တဲ့ချောင်းကိုဖြတ်ထိုးထားတာဖြစ်ပါတယ်။ ဒါပေမဲ့ ၃ နှစ်လောက်ရှိတဲ့ ဒီနှစ်အချိန်အထိ လမ်းလည်းမပေါက်သေးပါဘူး။ တံတားလည်းမပြီးသေးပါဘူး။ ၂၀၁၈ ခုနှစ် ၆ လဘတ်ဂျက်မှာ ကျွန်တော်တို့ ပြည်နယ်ရန်ပုံငွေနှင့် သန်း ၂၀၀ နဲ့ ပညာတန်ဆောင်ကုမ္ပဏီကို ကျွန်တော်တို့ အပြီးဆောက်လုပ်ဖို့ခိုင်းခဲ့ပါတယ်။ ဒါပေမဲ့ ဘတ်ဂျက်နှစ်ကာလကုန်သွားပေးမဲ့ ဒီနေ့အထိ တံတားမပြီးသေးပါဘူး။ Power Point ပြောင်းပေးပါခင်ဗျ။ ဒီမြားနဲ့ပြထားတာက တော့ ချောင်းကူးတံတားဖြစ်ပါတယ်။ ဒီဘက်က သရက်တောင်ရွာဖြစ်ပြီးတော့ ဟိုဘက်က ကမ်းထောင်ကြီးမြို့ဖြစ်ပါတယ်။ ကျွန်တော်တင်ပြခဲ့စဉ်က၊ မေးခွန်းမေးခဲ့စဉ်က ဒီလောက်ပဲပြီးပါသေးတယ်။ ယခု မနေ့တစ်နေ့က ပို့ပေးလာတဲ့ဓာတ်ပုံဖြစ်ပါတယ်။ တိုင်တွေလောက်ပဲပြီးပါသေးတယ်။ ဒါကြောင့် ဒီတံတားဟာ ဘတ်ဂျက်နှစ်လည်းကုန်သွားပြီဆိုတော့ ကျွန်တော်တို့ ပြည်သူတွေက စိုးရိမ်တဲ့အတွက် ဒါဆက်များမလုပ်တော့ဘူးလားဆိုပြီး မေးမြန်းလာတဲ့အတွက် ဒီတံတားကို ဘယ်တော့ပြီးမလဲ

ဆိုတာကို ပထမတစ်ချက်မေးချင်ပါတယ်ခင်ဗျား။ နောက်တစ်ချက်က ကျွန်တော်တို့ ဒီလမ်းဟာ သရက်တောင်ရွာကလာပြီးတော့ ကမ်းထောင်ကြီးကိုသွားတဲ့အခါမှာ ဒီမြေသားလမ်းတွေက တော်တော့်ကိုပျက်စီးသွားပါပြီ။ သုံးနှစ်လောက်ရှိတဲ့မြေသားလမ်းတွေဟာ ကျွန်တော်တို့ဒေသရဲ့ရာသီဥတုအခြေအနေအရ ဘယ်လိုမှမူလပုံစံအတိုင်းမဖြစ်နိုင်တော့ပါဘူး။ အဲဒီမှာ ရွာဝင်တဲ့မနီးမဝေးမှာလည်း သစ်သားတံတားငယ်တစ်ခု ရှိပါတယ်။ ပြီးတော့ရွာဝင်လမ်းကလည်း တအားကျဉ်းနေပါတယ်။ ဒါ သစ်သားတံတားငယ်ပါ။ ဟိုဘက်ကလာတာက ဒါကျွန်တော်တို့လမ်းပါ။ ပုံစံတွေဘယ်လိုမှမမှန်တော့ပါဘူး။ ဒါက ရွာအဝင်လမ်းဖြစ်ပါတယ်။ ၁၀ ပေလောက်ပဲ ကျွန်တော်တို့သွားကြည့်တုန်းက ပွင့်ပါတယ်။ ဒီမှာကားကြီးတွေ၊ ကားငယ်တွေဝင်လာမယ်ဆိုလို့ ဘယ်လိုမှ အဲဒီလမ်းဟာမဖြစ်နိုင်ပါဘူး။ ပြီးတော့ ကျွန်တော်တို့ ဒီလမ်းကနေတစ်ဆက်တစ်စပ်တည်း အနီလမ်းကြောင်းသစ်နဲ့ပြထားတာကတော့ အဲဒီရွာထဲကိုမဝင်ဘဲနဲ့ ညာဘက်ကိုချိုးလိုက်ရင် ကျွန်တော်တို့ ကမ်းထောင်ကြီးပေါက်တူးတောင်လမ်း ကျောက်လမ်းဖြစ်နေပါပြီ။ အဲဒီလမ်းဆီကို ရောက်သွားပါမယ်။ အဲဒီလမ်းအတွက်လည်း ကျွန်တော်အနေနဲ့ ဒေသခံတွေနဲ့ တိုင်ပင်ပြီးတော့ အဲဒီနေရာကောင်းပါတယ်ဆိုပြီးတော့ ပြောတဲ့အတွက် ကျွန်တော် တင်ပြရခြင်းဖြစ်ပါတယ်။ ဟုတ်ကဲ့ရပါပြီ။ အဲ့ဒါကြောင့် ကျွန်တော့်အနေနဲ့မေးချင်တာက ဒီလမ်းကို ပြန်ပြီးတော့အဆင့်မြှင့်တင်ပေးဖို့ ဘယ်တော့လောက်လုပ်မလဲ။ ပြီးတော့ ခုနက ကျွန်တော်ပြောတဲ့ ဒီလမ်းတွေဟာ ကျွန်တော်တို့ ဒေသရဲ့ရာသီဥတုအခြေအနေကတာရှည်ထားရင် ရေပြွန်တွေလည်းမပါဘူး။ ကျိုးတာတွေ၊ ပေါက်တာတွေ၊ ပဲ့တာတွေ အဲလိုဖြစ်ကုန်တော့ ဒါနိုင်ငံတော်ဘတ်ဂျက်လည်း အလဟဿဆုံးပါတယ်။ မြေသားလမ်းတစ်ခုကို ၂ နှစ်လောက်ဆိုရင် ကျောက်ခင်းလမ်းမဖြစ်ဘူးဆိုရင် ဒါကျွန်တော်တို့အတွက် အခက်အခဲရှိပါတယ်။ ဒါကြောင့်မို့လို မြေသားလမ်းကိုလည်း ပုံစံမှန်အောင်လုပ်ပေးဖို့နဲ့ အဲဒီနေရာမှာ ကျောက်ခင်းလမ်းဘယ်တော့ဖြစ်နိုင်မလဲဆိုတာကို ကျွန်တော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျာ။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း မေးမြန်းထားတဲ့ ရခိုင်ပြည်နယ် မြေပုံမြို့နယ်ရှိ ကမ်းထောင်ကြီး-သရက်တောင် မြို့၊ ရွာချင်းဆက်လမ်းပေါ်ရှိ ပေါက်တူးတောင်ချောင်းကူးတံတား မည်သည့်နှစ်၊ မည်သည့်လတွင် အပြီးတည်ဆောက်ပါမည်နည်း။ ကမ်းထောင်ကြီး-သရက်တောင် မြို့၊ ရွာချင်းဆက်မြေသားလမ်းအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် အပြီးဆောင်ရွက်ပေးမည်နှင့် အဆိုပါလမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် မည်သည့်ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ပေးပါမည်တို့နှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်း၏ ပထမအပိုင်းဖြစ်တဲ့ ကမ်းထောင်ကြီး-သရက်တောင်လမ်းပေါ်ရှိ ပေါက်တူးတောင်ချောင်းကူးတံတားအား တည်ဆောက်လျက်ရှိရာမှာ ၇၀

ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပါတယ်။ ကျန်ရှိနေတဲ့အပိုင်း ၁၀၀ ရာခိုင်နှုန်းပြီးစီးရန်အတွက် ၃၁-၁-၂၀၁၉ ရက်နေ့ လာမည့် ၂၀၁၉ ရက်နေ့ ဇန်နဝါရီလ ၃၁ ရက်နေ့မှာ အပြီးတည်ဆောက်သွားမှာ ဖြစ်ပါတယ်။ မေးခွန်း၏ ဒုတိယအပိုင်းဖြစ်တဲ့ မြေပုံမြို့နယ် ကမ်းထောင်ကြီး-သရက်တောင်လမ်း အရှည် ၃ မိုင် ၂ ဖာလုံသည် ယာယီမြေသားတာပေါင်လမ်းအဆင့်ဖြစ်ပြီး ဒီရေကင်းလွတ်အမြင့် ၃ ပေ နှင့် မြေသားလမ်းတာပေါင်တင်ခြင်း အကျယ် ၂၄ ပေရရှိအောင် ဆောင်ရွက်ပြီးပါက ကျောက်ချောလမ်းအဖြစ်သို့ အဆင့်မြှင့်တင်ပေးနိုင်ရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှ စတင်၍ ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကမ်းထောင်ကြီးနှင့် ယခုဆောက်လုပ်ဆဲပေါက်တူးတောင်ချောင်းကူးတံတားကြားမှာ ဆောက်လုပ်ရန် ကျန်ရှိနေတဲ့ မြေသားလမ်းကြမ်း ၆ ဖာလုံကိုတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရ အဖွဲ့ရဲ့ ဖြည့်စွက်ရန်ပုံငွေမှာ ထည့်သွင်းလျာထားပြီးတော့ ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရန်ကုန်မြို့အဝင်လမ်းမကြီးများအား လမ်းအဆင့်မြှင့်တင်ရန်၊ လမ်းမီးများထွန်းရန်၊ မြေရာရှုခင်း (Landscape)များ ပြုလုပ်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ကျော်ဦး(လှိုင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး ဖြစ်ပါတယ်။ ရန်ကုန်မြို့အဝင်လမ်းမကြီးများနဲ့ပတ်သက်လို့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်မြို့ဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးမြို့တော်ဖြစ်ပြီး နိုင်ငံရဲ့အကြီးဆုံးမြို့၊ လူဦးရေအများဆုံးမြို့လည်း ဖြစ်ပါတယ်။ နိုင်ငံတကာ အဓိကဝင်ပေါက်ဖြစ်ပြီးတော့ နိုင်ငံတကာနဲ့ ကုန်သွယ်ရာမှာလည်း ပင်လယ်ဆိပ်ကမ်းမြို့ကြီးလည်း ဖြစ်ပါတယ်။ နိုင်ငံရဲ့မျက်နှာစာမြို့လည်းဖြစ်ပါတယ်။ တစ်ချိန်က နိုင်ငံရဲ့မြို့တော်ဖြစ်ခဲ့တဲ့ ရန်ကုန်မြို့ အဝင်လမ်းမကြီးဟာ မြို့တော်အင်္ဂါရပ်နဲ့မကိုက်ညီတော့ပါဘူး။ လမ်းများဟာ ဆိုးရွားနေပြီးတော့ အဆင့်မြှင့်တင်ဖို့လိုအပ်နေပါတယ်။ မြို့အဝင်လမ်းမီးများကလည်း လုံလောက်မှုမရှိသဖြင့် မြို့ဝင်လိုက်တာနဲ့ အမှောင်ထုထဲကို တိုးဝင်လိုက်သလို ခံစားရပါတယ်။ ကားများကို မီးကြီးများဖွင့်ပြီးတော့ ခက်ခက်ခဲခဲမောင်းနှင်ရပါတယ်။ အမှတ်(၁) လမ်းမကြီး တချို့နေရာများမှာ လမ်းမီးများရှိပြီးတော့ တချို့နေရာများမှာ လမ်းမီးများမရှိပါဘူး။ ရှိတဲ့နေရာမှာလည်း လမ်းတစ်ဖက်သာရှိပါတယ်။ လမ်းမအကျယ်ကြီးတွေဖြစ်တဲ့အတွက် လုံလောက်မှုမရှိပါဘူး။ အမှတ်(၃)လမ်းဆိုရင် လည်း ရန်ကုန်-မန္တလေးလမ်းနှင့် အမှတ်(၃)လမ်းဆုံကနေပြီးတော့ ခရေပင်လမ်းအထိ လမ်းမီးမရှိပါဘူး။ အမှတ်(၂)လမ်း၊ အမှတ်(၄)လမ်းမကြီး၊ အမှတ်(၅)လမ်းမကြီးမှာလည်း လမ်းမီးများမရှိသလောက်ဖြစ်ပါတယ်။ ဒါ့အပြင် လမ်းအဆင့်အတန်းလည်းနိမ့်ကျလှပါတယ်။ Road Furniture များလည်း ပြည့်စုံအောင်မရှိပါဘူး။ တချို့နေရာများမှာ လမ်းလယ်မျဉ်းတောင်ရေးဆွဲထားခြင်းမရှိပါဘူး။ နိုင်ငံတကာမြို့ကြီးများမှာရော၊ ပြည်တွင်းကမြို့ကြီးတွေမှာရော မြို့ဝင်လမ်းတွေကို သစ်ပင်ပန်းမန်တွေ၊ မြေရာရှုခင်းတွေနဲ့ သာယာလှပအောင် ဆောင်ရွက်ထားပါတယ်။ မြို့ထဲ

ဝင်တာနဲ့ မီးတွေ လင်းထိန်လို့နေပါတယ်။ ရန်ကုန်မြို့အဝင်လမ်းမကြီးကတော့ ကျူးကျော်တဲတွေ၊ ကိုယ့်သဘောနဲ့ကိုယ် ဆောက်ချင်သလိုဆောက်ထားတဲ့ ဈေးဆိုင်တန်းတွေ၊ အမှိုက်ပုံတွေ၊ ချုံနွယ်ပိတ်ပေါင်းတွေနဲ့ ဖြစ်ချင်သလိုဖြစ်နေပါတယ်။ ညဘက်ဆိုရင်လည်း မှောင်မဲနေပြီးတော့ လမ်းက မညီမညာ ကျင်းတွေ၊ ချိုင့်တွေနဲ့ ဖြစ်နေပါတယ်။ ဒါကြောင့် မြို့တော်အင်္ဂါရပ်နဲ့အညီ ရန်ကုန်မြို့အဝင်လမ်းမကြီးများကို လမ်းအဆင့် မြှင့်တင်ပေးဖို့၊ လမ်းမီးများထွန်းပေးဖို့၊ မြေရာရှုခင်းများ (Landscape)များပြုလုပ်ပေးဖို့ အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦးမှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့မေးမြန်းထားတဲ့ ရန်ကုန်မြို့အဝင်လမ်းမကြီးများအား လမ်းအဆင့်မြှင့်တင်ရန်၊ လမ်းမီးများထွန်းရန်၊ မြေယာရှုခင်း (Landscape)များပြုလုပ်ရန် အစီအစဉ်ရှိ/မရှိနဲ့စပ်လျဉ်းတဲ့မေးခွန်းအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ပေးပို့လာတဲ့ဖြေကြားချက်များကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်မြို့အဝင်လမ်းမကြီးများမှာ အမှတ်(၁)လမ်း (ပြည်လမ်း)၊ အမှတ်(၂)လမ်း(ရွှာသာကြီးအဝင်လမ်း)၊ အမှတ်(၃)လမ်း(မင်္ဂလာဒုံအဝင်လမ်း)၊ အမှတ်(၄)လမ်း(မှော်ဘီမှတစ်ဆင့် ရွှေပြည်သာမြို့အဝင်လမ်း)၊ အမှတ်(၅)လမ်း(ပုသိမ်လမ်း)နှင့် အမှတ်(၆) လမ်း(သန်လျင်မြို့အဝင်လမ်း)တို့ ဖြစ်ပါတယ်။ ယခုအချိန်တွင် ရန်ကုန်မြို့အဝင်လမ်းမကြီးများအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် အကြီးစားပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ အမှတ်(၁)မြို့အဝင်လမ်းမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူထိန်းသိမ်း ဆောင်ရွက်လျက်ရှိပါတယ်။ အမှတ်(၂)လမ်းမကြီးနှင့် အမှတ်(၃)လမ်းမကြီးတို့မှာ မက်(စ်)ကုမ္ပဏီက B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး လေးလမ်းသွားကတ္တရာလမ်းမကြီးအဖြစ် တိုးမြှင့် ဆောင်ရွက်လျက်ရှိပါတယ်။ အမှတ်(၄)လမ်းမကြီးအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မှ ထိန်းသိမ်းပြုပြင်ဆောင်ရွက်လျက်ရှိပြီး ကွန်ကရစ်လေးလမ်းသွားအဖြစ် တိုးချဲ့ဆောင်ရွက်ရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်းမှာ အပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အမှတ်(၅)လမ်းဖြစ်တဲ့ ပုသိမ်လမ်းပိုင်းအား ယခင်နှစ်များက ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူထိန်းသိမ်းဆောင်ရွက်ခဲ့ သော်လည်း ယခုနှစ်မှစ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကို လွှဲပြောင်းပေးခဲ့ပြီးဖြစ်ရာ အဆိုပါလမ်းမှာ လမ်းပျက်စီးမှုများပြား၍ ယာဉ်ကြောကျပ်တည်းမှုများကြောင့် ခြောက်လမ်းသွား ကွန်ကရစ်လမ်းအဖြစ်ကို တိုးချဲ့ဆောင်ရွက်လျက်ရှိပါတယ်။ အမှတ်(၆)လမ်းမှာ ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်းပေါ်ရှိ သန်လျင်တံတားအသစ်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူ တည်ဆောက်ပြီး လမ်းတိုးချဲ့ခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်မြို့အဝင်လမ်းမကြီးများအား တိုးချဲ့ဆောင်ရွက်လျက်ရှိပါသဖြင့် လိုအပ်သောလမ်းလယ်ကျွန်းများနှင့် တြိဂံကျွန်းများတည်ဆောက်ခြင်း၊ အရိပ်ရပင်များစိုက်ပျိုးခြင်း၊ သစ်ပင်ပန်းမန်များပုံဖော်ခြင်း၊ လိုအပ်သောနေရာများတွင် လမ်းမီးများနှင့် ဟိုင်းပက်(စ်)မီးတိုင်များ စိုက်ထူခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နောင်လာမယ့်နှစ်များမှာ ယခုထက်ပိုမိုပြည့်စုံသော လမ်းမီးများနှင့် မြေယာရှုခင်းများတည်ဆောက်ခြင်းလုပ်ငန်းများအား ဘဏ္ဍာနှစ်များအလိုက် ဆောင်ရွက်ပေးသွားမှာဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ပင်လယ်လေး(လပွတ္တာ)ကြိုးတံတားသည် ပညာရှင်များ၏စစ်ဆေးမှုများအရ မူလခံနိုင်ဝန်အား ၃၆ တန်မှ ၅၀ % ကြဲ့ခိုင်မှုအဆင့် လျော့ကျနေမှုကြောင့် တန် ၆၀ ခံ လုံခြုံစိတ်ချရသော တံတားအသစ်တစ်စင်းကို မည်သည့်ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးသူ(မြောင်းမြမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မြောင်းမြမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးသူဖြစ်ပြီးတော့ ပင်လယ်လေးကြိုးတံတားနှင့်ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ပင်လယ်လေးကြိုးတံတားဟာဆိုရင် မြောင်းမြနဲ့လပွတ္တာလမ်းကြားမှာရှိပြီးတော့ ရန်ကုန်-မြောင်းမြ-လပွတ္တာကားလမ်းပေါ်မှာ တည်ရှိပါတယ်။ တံတားဟာဆိုရင် ၂၀-၁၀-၁၉၉၆ ရက်နေ့မှာ စတင်တည်ဆောက်ခဲ့ပြီးတော့ ၁၉၉၈ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ သက်တမ်းအားဖြင့် နှစ်ပေါင်း ၂၀ ကျော်တဲ့ ကြိုးတံတားဖြစ်ပြီးတော့ ပင်မတံတားအရှည် ပေ ၆၀၀ အပါအဝင် တံတားအရှည် ပေ ၁၃၀၀ တည်ရှိပါတယ်။ ဒါကတော့ ပင်လယ်လေးကြိုးတံတားဖြစ်ပါတယ်။ တံတားဆိုင်ရာအချက်အလက်များကိုပြောရမယ်ဆိုရင် မူလခံနိုင်ဝန် ၃၆ တန်ရှိပြီးတော့ ပျက်ကျခဲ့တဲ့မြောင်းမြကြိုးတံတားဟောင်းနဲ့ နည်းပညာတူပဲဖြစ်ပါတယ်။ သက်တမ်းကိုကြည့်မယ်ဆိုရင်လည်း မြောင်းမြကြိုးတံတားနဲ့ တစ်နှစ်သာကွာခြားတာတွေ့ရမှာဖြစ်ပါတယ်။ မြောင်းမြကြိုးတံတားဟောင်းပေါ်ကို ဖြတ်သန်းသွားတဲ့ယာဉ်များရဲ့ တစ်ဝက်ကျော်ဟာ ပင်လယ်လေးကြိုးတံတားပေါ်ကို ထပ်မံဖြတ်သန်းသွားရပါတယ်။ လပွတ္တာကရေထွက်ပစ္စည်းတွေကို ရန်ကုန်ကိုတင်ပို့ရာမှာလည်း ပင်လယ်လေးကြိုးတံတားကိုဖြတ်သန်းပြီးတော့ ထိုမှတစ်ဆင့် မြောင်းမြတံတားကိုဖြတ်သန်းရပါတယ်။ ၁-၄-၂၀၁၈ ရက်နေ့မှာ မြောင်းမြကြိုးတံတားပျက်ကျပြီးတဲ့နောက်မှာတော့ ပင်လယ်လေးကြိုးတံတားကို တရုတ်၊ ဂျပန်၊ မြန်မာပညာရှင်တွေ သွားရောက်စစ်ဆေးခဲ့ပါတယ်။ ဒါကတော့ JICA အစီအစဉ်နဲ့ Tokyo University က Professor တွေ၊ ရန်ကုန်နည်းပညာတက္ကသိုလ်က ဒုတိယပါမောက္ခချုပ်တို့ လာရောက်စစ်ဆေးနေပုံဖြစ်ပါတယ်။ ဒါကတော့ ပင်လယ်လေးတံတားကို တရုတ်ပညာရှင်တွေနဲ့ ကြိုးထိန်းခုံနဲ့ငုတ်ကို Endoscopic Camera နဲ့ ကြည့်ရှုစစ်ဆေးတာပဲဖြစ်ပါတယ်။ မြောင်းမြကြိုးတံတားပျက်ကျခဲ့တဲ့အကြောင်းတစ်ခုကလည်း ဒီကြိုးထိန်းခုံထဲကကြိုးကို

မစစ်ဆေးနိုင်ခဲ့တဲ့အတွက် ကြိုးထိန်းခုံထဲက ကြိုးအရင်းက ပျက်ကျခဲ့တာပဲဖြစ်ပါတယ်။ စစ်ဆေး တွေ့ရှိချက်တွေအရ ကြံ့ခိုင်မှုအားနည်းနေတာကြောင့် မူလတံတားရဲ့ခံနိုင်ဝန် ၅၀ နီးပါးလျှော့ချပြီး တော့ ၁၄ တန်ကိုပဲ လက်ရှိမှာ ခွင့်ပြုနိုင်ခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ်နှစ်က ဒီလိုအချိန်မှာပဲ ပြည်သူ့လွှတ်တော်မှာ ကြံ့ခိုင်မှုအားနည်းလာတဲ့ မြောင်းမြကြိုးတံတားအစား တံတားအသစ်တစ်စင်း တည်ဆောက်ပေးဖို့ မေးခွန်းမေးမြန်းကြိုးစားခဲ့ပေမဲ့ အချိန်မီပြီးစီးအောင်မဆောင်ရွက်နိုင်ခဲ့တာကြောင့် အဖြစ်ဆိုးနဲ့ကြုံတွေ့ခဲ့ရပြီး အပြစ်မဲ့ပြည်သူနှစ်ဦး အသက်ဆုံးရှုံးခဲ့ရပါတယ်။ အဲဒီတော့ ဒီလိုမျိုး မြောင်းမြတံတားကဲ့သို့ အဖြစ်ဆိုး တွေ ထပ်မံမကြုံတွေ့ရအောင်၊ လပွတ္တာခရိုင်က ရေထွက်ပစ္စည်းတွေ ရန်ကုန်ကိုအချိန်မီတင်ပို့နိုင်ရေး၊ ရေရှည်မှာ ကုန်စည်စီးဆင်းမှုစရိတ်တွေ ကျဆင်းရေးအတွက် လပွတ္တာကနေရန်ကုန်သို့ ကုန်ကားကြီးတွေ၊ တွဲကားကြီးတွေသွားလာနိုင်ဖို့အတွက် တံတားလုံးဝ ယိုယွင်းပြီး အဆက်အသွယ်များ မပြတ်တောက်ခင်မှာ ပင်လယ်လေးကြိုးတံတားကို တန် ၆၀ ခံနိုင်ဝန်ရှိတဲ့တံတားအဖြစ် အဆင့်မြှင့်တင်ရန် အစီအစဉ်ရှိ/မရှိ၊ စတင်မြှင့်တင်ပါကလည်း မည်သည့် ဘဏ္ဍာရေးနှစ်မှာ စတင်တည်ဆောက်ပြီးတော့ မည်သို့တည်ဆောက်သွားမည်၊ မည်သည့်နှစ်အတွင်း အပြီးတည်ဆောက်သွားမည်ကို သိရှိလိုပါသဖြင့် မဲဆန္ဒရှင်များကိုယ်စား မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးသူ၏ ရန်ကုန်-မြောင်းမြ-လပွတ္တာကားလမ်းပေါ်ရှိ မြောင်းမြ မြို့နယ်နိမိတ်အတွင်းတည်ရှိသော အခြားကြိုးတံတားတစ်စင်းဖြစ်သည့် ပင်လယ်လေး လပွတ္တာ ကြိုးတံတားသည် မူလခံနိုင်ဝန်အား ၃၆ တန်မှ ၅၀ ရာခိုင်နှုန်းနီးပါးကျဆင်းကာ ပညာရှင်များ၏ စစ်ဆေးမှုအရ ကြံ့ခိုင်မှုအဆင့်လျော့ကျမှုကြောင့် ရေရှည်ဘေးအန္တရာယ်ကင်းဝေးစေရေးနှင့် ပင်လယ် ထွက်ကုန်များ ကူးသန်းသွားလာမှုအဆင်ပြေစေရေးအတွက် တန် ၆၀ ခံလုံခြုံစိတ်ချရသော တံတား အသစ်တစ်စင်းတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ၊ မည်သည့်ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက် ပေးသွားမည်နှင့် မည်သည့်နှစ်အတွင်း အပြီးတည်ဆောက်သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းခွင့်ပြုပါရန် တင်ပြအပ် ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲသော ရန်ကုန်- မြောင်းမြ-လပွတ္တာလမ်းပေါ်ရှိ လပွတ္တာ ပင်လယ်လေးကြိုးတံတားမှာ ၃-၁-၁၉၉၈ ရက်နေ့တွင် စတင် ဖွင့်လှစ်အသုံးပြုခဲ့ခြင်းဖြစ်ရာ ယခုအချိန်တွင် နှစ်ပေါင်း ၂၀ ကျော်ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ အဆိုပါ တံတား၏ မူလခွင့်ပြုအလေးချိန်မှာ ၃၆ တန်ဖြစ်ပြီးတော့ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းကျပြီးချိန်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် တန်ပိုယာဉ်ကြီးများ ဖြတ်သန်းသွားလာမှုများကြောင့် တံတားခံနိုင်ဝန်ကျဆင်းလာသဖြင့် အလေးချိန် ၂၀ တန်အထိသာ ခွင့်ပြုထားခဲ့ပါတယ်။ မြောင်းမြ

ကြိုးတံတား ကျိုးကျပျက်စီးမှုဖြစ်ပွားပြီးနောက် ကြိုးတံတားများအား တိုင်းတာစစ်ဆေးခြင်းများ ပြုလုပ်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Highway Constriction Association နှင့် China Road and Bridge Cooperation မှ ကျွမ်းကျင်ပညာရှင်များနှင့်ပူးပေါင်း၍ ၂၃-၄-၂၀၁၈ ရက်နေ့မှ ၂၅-၄-၂၀၁၈ ရက်နေ့အထိ တိုင်းတာစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါ ကြိုးတံတားများစစ်ဆေးဆောင်ရွက်မှုပြုလုပ်ပြီးနောက်တွင် လပွတ္တာ ပင်လယ်လေးတံတား ခံနိုင်ဝန် ကြံ့ခိုင်မှုအား အဆင့်(၄)အဖြစ် သတ်မှတ်ပြီးတော့ လက်ရှိခွင့်ပြုထားတဲ့အလေးချိန် တန် ၂၀ အောက် လျှော့ချ၍ ၁၄ တန်အထိသာ ခွင့်ပြုထားပြီး ယာဉ်များသွားလာရန် သတ်မှတ်ထားပါတယ်။ တံတားသစ် တည်ဆောက်ရန် လိုအပ်လာပြီဖြစ်တဲ့အတွက် ကြိုးအပိုင်းများကို ဖြုတ်ထုတ်၍ Steel Box Girder အမျိုးအစားဖြင့် အစားထိုးတည်ဆောက်ခြင်းများ ပြုလုပ်သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လပွတ္တာ ပင်လယ်လေးတံတားကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (ယခုဘဏ္ဍာရေးနှစ်)အတွင်းမှာ စတင်တည်ဆောက်သွားမှာဖြစ်ပြီးတော့ ဖြည့်စွက် ရန်ပုံငွေတောင်းခံချိန်တွင် လိုလောက်တဲ့ရန်ပုံငွေ ထပ်မံရရှိပါက ကျွန်တော်တို့ ဖြည့်စွက်တောင်းပါ မယ်ခင်ဗျား။ ဖြည့်စွက်တောင်းတဲ့အခါမှာ ဒီ ဧရာဝတီတိုင်းဒေသကြီးမှာရှိတဲ့ အခု ကြိုးတံတားတွေကို ပြန်လည်ပြင်ဆင်မယ့်တံတားလေးစင်းရော ရခိုင်ပြည်နယ်မှာရှိတဲ့ ရာမောင်ကြိုးတံတားကို ကျွန်တော်တို့ အသစ်ပြန်လည်ပြင်ဆင်မယ့်၊ အသစ်ပြန်လည်တည်ဆောက်မယ့်တံတားအတွက် ဖြည့်စွက်တောင်းတဲ့အချိန်မှာတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပြုပေးဖို့လည်း တစ်ပါတည်း ဒီကနေ ကျွန်တော် တင်ပြ မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။ အဆိုပါရန်ပုံငွေများ ထပ်မံရရှိမယ်ဆိုပါက ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလအကုန်မှာ ကျွန်တော်တို့ အပြီးတည်ဆောက်သွား မှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**လှည်းကူးမြို့နယ်တွင် ပုဂ္ဂလိကကုမ္ပဏီတစ်ခုနှင့် အကျိုးတူပူးပေါင်းအကောင်အထည်ဖော်ရန် ဆောင်ရွက်နေသော Eco Green City စီမံကိန်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်က ရသင့်ရထိုက်သည့် အကျိုးအမြတ်ခွဲဝေမှုရရှိအောင် မည်ကဲ့သို့စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးရှိသော စီမံကိန်းတစ်ရပ်အဖြစ် ပွင့်လင်းမြင်သာစွာ ချပြဆောင်ရွက် သွားရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်တွင် ပုဂ္ဂလိကကုမ္ပဏီတစ်ခုနှင့် အကျိုးတူပူးပေါင်အကောင်အထည်ဖော်ရန် စီစဉ်ဆောင်ရွက်နေတဲ့ Eco Green City စီမံကိန်းနှင့်စပ်လျဉ်းပြီး နိုင်ငံတော်က ရသင့်ရထိုက်တဲ့အကျိုးအမြတ်ကို ခွဲဝေမှုရရှိ အောင် မည်ကဲ့သို့စီမံဆောင်ရွက်ထားတာကို သိလိုခြင်းနှင့်စပ်လျဉ်းပြီး နိုင်ငံတော်နှင့်ပြည်သူ ပြည်သားများအတွက် အကျိုးရှိသော စီမံကိန်းတစ်ရပ်အဖြစ် ပွင့်လင်းမြင်သာစွာ ချပြဆောင်ရွက်သွား ရန် အစီအစဉ်ရှိ/မရှိမေးခွန်းကို မေးမြန်းမှာ ဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါရှင်။

ဥက္ကဋ္ဌကြီးရှင်။ ဒီစီမံကိန်းက ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးရဲ့ မိုင်တိုင် ၃ မိုင် ၂ ဖာလုံမှာရှိပြီး ရန်ကုန်မြို့တော်ရဲ့အနာဂတ်စီမံကိန်းအတွက် အင်မတန်မှ အချက်အချာကျတဲ့ မဟာဗျူဟာမြောက်နေရာမှာ ရှိပါတယ်။ မူလက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနပိုင်တဲ့ စပါးလင်၊ ဆီမွှေးစိုက်ခင်းနေရာဖြစ်ပြီး အခုနိုင်ငံတော်နဲ့အကျိုးတူပူးပေါင်းဆောင်ရွက်မယ်ဆိုတဲ့ Alliance Star ကုမ္ပဏီဟာ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရန်ရည်ရွယ်ချက်နဲ့ နှစ်ရှည်ငှားရမ်းခဲ့တာဖြစ်ပြီး မြေဧက ၁၄၅၃ ဧကရှိပါတယ်။ အိုးအိမ်ဦးစီးဌာနရဲ့တိုင်းတာချက်အရကတော့ ၁၆၈၅ ဧက ရှိတယ်လို့ဆိုပါတယ်။ ရေဝပ်ဧရိယာဖြစ်လို့ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရန်မသင့်ဆိုတဲ့ အကြောင်းပြချက်နဲ့ ရည်ရွယ်ချက်ပြောင်း၊ ခေါင်းစဉ်ပြောင်းပြီးအခုလို Eco Green City စီမံကိန်းဆောင်ရွက်ရန် ယခင်အစိုးရထံမှာ ခွင့်ပြုချက်ရယူခဲ့ကြောင်းကျွန်မတို့လေ့လာသိရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့မေးခွန်းမှာ အပိုင်းနှစ်ပိုင်းပါဝင်ပါတယ်။ ပထမအချက်အနေနဲ့ စီမံကိန်းနဲ့ပတ်သက်ပြီး နိုင်ငံတော်က ရသင့်ရထိုက်တဲ့အကျိုးအမြတ်တွေ ခွဲဝေရရှိဖို့ ဘယ်လိုဆောင်ရွက်ထားတယ်ဆိုတာပဲ ဖြစ်ပါတယ်။ ဒီနေ့ခေတ် ကျွန်မတို့ရွေးကောက်ခံပါတီနဲ့ အစိုးရအနေနဲ့ Private Public Partnership – PPP လုပ်ငန်းစီမံကိန်းတွေကို အထူးပဲ အားပေးနေပါတယ်။ နိုင်ငံတော်အစိတ်အပိုင်းတစ်ခု ရင်းနှီးမြှုပ်နှံပြီး တကယ့်ဖွံ့ဖြိုးမှု Development ကို ပုဂ္ဂလိကကဏ္ဍတွေကနေ ရင်းနှီးမြှုပ်နှံအကောင်အထည်ဖော်ခြင်းအားဖြင့် နိုင်ငံတော်ရဲ့လိုငွေပြနေတဲ့ဘတ်ဂျက်ကိုလည်း မထိခိုက်စေဘဲနိုင်ငံနှင့် နိုင်ငံသားတွေရဲ့အကျိုးရှိတဲ့လုပ်ငန်းတွေ ဖြစ်ပေါ်လာတာ၊ အလုပ်အကိုင်အခွင့်အလမ်းတွေပေါ်လာတာဟာ၊ အခွန်ဘဏ္ဍာတွေရရှိလာတာဟာ ဝမ်းသာကြိုဆိုရမှာ ဖြစ်ပါတယ်။ အခုကိစ္စကိုလည်းအလားတူစီမံကိန်းမျိုးဖြစ်မယ်လို့ မျှော်လင့်ပါတယ်။ ဒါကြောင့် စီမံကိန်းမှာ ဘယ်လိုပုံစံနဲ့ ခွဲဝေထားတယ်။ ရသင့်ရထိုက်တဲ့အကျိုးအမြတ်တွေကို ဘယ်လိုရမယ်ဆိုတာကို ဒီကနေ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများနဲ့ ပြည်သူလူထုများအားလုံးသိနိုင်အောင်အတွက် ချပြပေးစေလိုပါတယ်။ ဒုတိယပိုင်းအနေနဲ့ကတော့ ကျွန်မတို့က စီမံကိန်းအကြောင်းကို သိရသမျှက တိုင်းဒေသကြီးအစိုးရကပဲ ဆောင်ရွက်မလိုလို၊ ပြည်ထောင်စုအစိုးရကပဲ ဆောင်ရွက်မလိုလို၊ Alliance Star ကုမ္ပဏီကပဲဆောင်ရွက်မလိုလို။ အခုနောက်ဆုံးကျတော့ ရွှေသံလွင်ကုမ္ပဏီကပဲ ဆောင်ရွက်မလိုလို အမျိုးမျိုးကြားနေကြရပါတယ်။ အခုအချိန်အထိ တရားဝင်သတင်းအချက်အလက်တစ်ခုတစ်လေမှ ကျွန်မတို့မရရှိဘဲ နိုင်ငံတစ်ဝန်းကပြည်သူတွေ၊ ရန်ကုန်တိုင်းဒေသကြီးနေ ပြည်သူတွေ၊ လှည်းကူးမြို့နယ်ကပြည်သူတွေ၊ ဘာမသိညာမသိ နိုင်ငံရဲ့စီမံကိန်းတွေကို ကျူးကျော်ဘဝရောက်ပြီး ထွက်သွားရတဲ့ပြည်သူတွေ၊ ဒီနေ့လွှတ်တော်ထဲက ကိုယ်စားလှယ်တွေဟာ တိုင်းပြည်အတွက် ဘယ်လိုအကျိုးအမြတ်တွေရလာမယ်။ ဘယ်လိုအလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်လာမယ်။ ဘယ်လို Infrastructure တွေ ရှိလာမယ်။ သဘာဝပတ်ဝန်းကျင်ကောင်းမွန်လှပဖို့ ဘယ်လိုအစီအမံအစိတ်အပိုင်းတွေထည့်ထားတယ်ဆိုတာကို ကျွန်မတို့ သိခွင့်ရမယ်လို့ ယုံကြည်ပါတယ်။ ဒီကိစ္စတွေကိုလည်း ဒီကနေ့ပြည်ထောင်စုဝန်ကြီးဌာနကနေပြီးတော့မှ ရှင်းရှင်းလင်းလင်း ဖြေကြားပေးနိုင်မယ်လို့ ကျွန်မတို့မျှော်လင့်ထားပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ နောက်ထပ်အရေးကြီးတဲ့အချက်တစ်ချက်ကို တင်ပြလိုပါတယ်။ ကျွန်မအနေနဲ့ဆိုရင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်စတင်ပြီး တစ်လခွဲအကြာမှာ ဒီလွှတ်တော်ကြီးမှာ ကျွန်မအနေနဲ့ အဆိုတစ်ရပ်ကို တင်သွင်းခဲ့ပါတယ်။ ဒီလွှတ်တော်ကြီးကနေပြီးတော့လည်း အတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့က အတည်ပြုခဲ့တဲ့ အဲဒီအရေးကြီးအဆိုမှာ နိုင်ငံတော်အစိုးရက ရွေးကောက်ပွဲနောက်ပိုင်းဆောင်ရွက်နေတဲ့ နိုင်ငံပိုင်မြေ၊ နိုင်ငံပိုင်စက်ရုံတွေ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို အလျင်စလို ငှားရမ်း၊ ရောင်းချ၊ လွှဲပြောင်းမှု၊ ပုဂ္ဂလိကပိုင်ပြုလုပ်မှု၊ စီမံကိန်းများကို နေရာတကျမစီမံဘဲ အဆောတလျင်ခွင့်ပြုနေမှုစသည်တို့ကို နိုင်ငံတော်နှင့်နိုင်ငံသားတို့၏အကျိုးအတွက် အသေးစိတ် စိစစ်ဟန့်တားထိန်းကျောင်းတည့်မတ်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုပဲ ဖြစ်ပါတယ်။ အခုစီမံကိန်းက ကျွန်မအဆို အတည်ပြုပြီးတဲ့နောက်တစ်လအကြာမှာ ပြီးခဲ့တဲ့ အစိုးရသက်တမ်းမကုန်မီ ခြောက်ရက်အလိုမှာ နိုင်ငံပိုင်မြေ ၁၄၅၃ ဧကကို နေရာတကျမစီမံဘဲနဲ့ ပုဂ္ဂလိကကုမ္ပဏီတစ်ခုကို အဆောတလျင် ၂၅-၃-၂၀၁၆ ရက်နေ့မှာ အတည်ပြုလက်မှတ်ရေးထိုးခဲ့တာဖြစ်တဲ့အတွက်ကြောင့် ဒီလွှတ်တော်ကြီးက အတည်ပြုခဲ့တဲ့အရေးကြီးအဆိုနဲ့ တိုက်ဆိုင်တဲ့အတွက်ကြောင့် အထူးပင်သံသယဖြစ်ဖွယ်ရှိပါတယ်။ တစ်ခါ နိုင်ငံတော်က ရသင့်ရထိုက်တဲ့အကျိုးအမြတ်ခွဲဝေမှုကို လေ့လာကြည့်တော့လည်း နောင်မှာ နှစ်ဦးနှစ်ဖက်ညှိနှိုင်းဆောင်ရွက်သွားမယ်လို့သာ မရေမရာဖော်ပြထားတာ တွေ့ရပါတယ်။ ဒါ့အပြင် မူလကနဦးစာချုပ်ပါ စာချုပ်ရပ်စဲခြင်းနှင့်ဆိုင်တဲ့ အပိုဒ် ၁၄(က)မှာ ဤသဘောတူစာချုပ်လက်မှတ်ရေးထိုးသည့်နေ့မှစ၍ ခြောက်လအတွင်း လုပ်ငန်းလက်ခံသူမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်မှုမရှိလျှင် စာချုပ်ကိုရပ်စဲနိုင်သည်လို့ အတိအလင်းဖော်ပြပါရှိပေမဲ့ သက်ဆိုင်ရာကုမ္ပဏီကို စာချုပ်ပါအတိုင်း အရေးယူမှုတစ်စုံတစ်ရာပြုလုပ်တာကို ကျွန်မတို့ မကြားသိရပါဘူး။ ဒါကြောင့်မို့လို့ ပြည်ထောင်စုအစိုးရအနေနဲ့ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ရှင်းရှင်းလင်းလင်း ဒီလွှတ်တော်ကြီးကနေ ဖြေကြားပေးနိုင်ပါရန်အတွက် တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

### ဖြေကြားချက်

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ဒေါ်ခင်စန်းလှိုင်မှမေးမြန်းထားတဲ့ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်တွင် ပုဂ္ဂလိကကုမ္ပဏီတစ်ခုနှင့် အကျိုးတူပူးပေါင်းအကောင်အထည်ဖော်ရန် စီစဉ်ဆောင်ရွက်နေသော Eco Green City စီမံကိန်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်က ရသင့်ရထိုက်သည့်အကျိုးအမြတ်ခွဲဝေရရှိအောင် မည်ကဲ့သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် နိုင်ငံတော်နှင့် နိုင်ငံသားပြည်သူများအတွက် အကျိုးရှိသောစီမံကိန်းတစ်ရပ်အဖြစ် ပွင့်လင်းမြင်သာစွာ ချပြဆောင်ရွက်သွားရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် Alliance Stars Group of Companies အကျိုးတူပူးပေါင်းဆောင်ရွက်မည့် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်ရှိ Eco Green City စီမံကိန်းသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏မြေဧရိယာ ၁၄၅၃ ဧကခန့်ကို နိုင်ငံတော်ပိုင်မြေ(State Land)တွင် ဆောင်ရွက်မည့်စီမံကိန်းဖြစ်ပါတယ်။ စီမံကိန်းတွင် တန်ဖိုးသင့်အိမ်ရာများနှင့် တန်ဖိုးနည်းအိမ်ရာများ၊ Media Village အိမ်ရာစီမံကိန်းများ၊ နိုင်ငံတကာအဆင့်မီ Resort၊ Recreation Center၊ နိုင်ငံတကာအဆင့်မီတက္ကသိုလ်၊ ကျောင်းများ၊ ဆေးရုံများ၊ အဆင့်မီဂေါက်ကွင်းများ၊ အားကစားကွင်းများ၊ ပန်းဥယျာဉ်များပါဝင်သော မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး စီမံကိန်းဆောင်ရွက်ခွင့်ပြုရန် Alliance Stars Group of Companies တင်ပြချက်အရ ၁၇-၂-၂၀၁၆ ရက်စွဲဖြင့် နိုင်ငံတော်သမ္မတရုံး၏ခွင့်ပြုချက်ရရှိခဲ့ပါသဖြင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် Concept Plan များ ရေးဆွဲဆောင်ရွက်ခဲ့ပါတယ်။ စီမံကိန်းမြေဟာ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့်အညီ လယ်ယာမြေအား အခြားနည်းဖြင့် အသုံးပြုခွင့်ကို ပြည်ထောင်စုအစိုးရအဖွဲ့မှ သဘောတူခွင့်ပြုခဲ့ပါသဖြင့် မြို့ပြအိမ်ရာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ၂၅-၃-၂၀၁၆ ရက်နေ့တွင် ကနဦးသဘောတူစာချုပ်လက်မှတ်ရေးထိုးချုပ်ဆိုဆောင်ရွက်ခဲ့ကာ နှစ်နှစ်ကျော်ကာလအတွင်းမှာ မြေပေါ်ရှင်းလင်းပြုပြင်ခြင်းနှင့် Master Plan အသေးစိတ်ပြန်လည်ရေးဆွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ စီမံကိန်းတည်နေရာသည် Yangon Outer Ring Road ဖြတ်သန်းသွားမည့်နေရာနှင့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးဆုံရာနေရာတွင် တည်ရှိသည့်အတွက် မြေဧက ၆၀ ခန့်ကျယ်ဝန်းသည့် Logistic Hub တစ်ခုကို ထည့်သွင်းဆောင်ရွက်ရန်နှင့် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၀/၇)ရှိ တိုးဂိတ်အားရွှေ့ပြောင်းဆောက်လုပ်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ကိုရီးယားနိုင်ငံ(LH)တို့မှ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ ညောင်နှစ်ပင် KMIC စက်မှုဇုန်နှင့် ဆက်စပ်မှုရှိစေရန် စသည့်ကိစ္စတို့ကို ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

ယခုအခါ စီမံကိန်းဧရိယာတစ်ခုလုံးအား ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိပြီး Master Plan ညှိနှိုင်းရေးဆွဲရာ၌ နိုင်ငံတော်မှရရှိမည့် အိမ်ရာများ၏အသေးစိတ်ပုံစံများ ပြန်လည်ညှိနှိုင်းခြင်း၊ စီမံကိန်းလမ်းအူကြောင်းများ ပြန်လည်သတ်မှတ်ခြင်းနှင့် နိုင်ငံတော်မှ ရသင့်ရထိုက်သော အကျိုးအမြတ်ခွဲဝေမှုများရရှိအောင် အသေးစိတ်တွက်ချက်ခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ Eco Green City စီမံကိန်းမြေဧရိယာ ၁၄၅၃ ဧကအနက် Physical နှင့် Social Infrastructure ဖြစ်သည့် လမ်း၊ ရေမြောင်း၊ လျှပ်စစ်၊ ကျောင်းစသည်တို့အတွက် မြေဧရိယာ ၄၄၇ ဧကခန့်အား အသုံးပြုမည်ဖြစ်ပြီးတော့ ကျန်ရှိသော မြေဧရိယာ ၁၀၀၆ ဧကခန့်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ကုမ္ပဏီတို့မှ ၂၀ း ၈၀ ဖြင့် ခွဲဝေရယူမှာ ဖြစ်ပါတယ်။ ၎င်းအပြင် ဝန်ကြီးဌာနမရရှိသော မြေဧရိယာ ၂၀ ဖြစ်သည့် မြေ ၂၀၁ ဧကပေါ်တွင် တန်ဖိုးနည်းအိမ်ရာယူနစ် ၄၀၀၀ ခန့် သို့မဟုတ် ၎င်းနှင့်ညီမျှသော တန်ဖိုးနည်း၊ တန်ဖိုးသင့်တဲ့ အဆင့်မြင့်အိမ်ရာယူနစ် ၃၀၀၀ ခန့်ကို ကုမ္ပဏီမှ ဆောက်လုပ်လွှဲပြောင်းပေးသွားမှာ ဖြစ်ပါတယ်။ ကုမ္ပဏီဘက်မှရရှိသော မြေဧရိယာ ၈၀၅ ဧကပေါ်တွင် စီမံကိန်းလုပ်ငန်းများ

အတွက် အပိုင်းသုံးပိုင်း ခွဲခြား၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါစီမံကိန်းလုပ်ငန်း၏အကျိုးအမြတ်ဖြစ်သော ၅ ရာခိုင်နှုန်းကို Corporate Social Responsibility သတ်မှတ်သုံးစွဲရန်အတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ Logistic Centre အဖြစ်ထူထောင်၍ ရုပ်ရှင်ခြံမြေအဖြစ် Media Village တို့နှင့်ဆက်စပ်ပြီး Recreation Centre များ၊ နိုင်ငံတကာအဆင့်မီဟိုတယ်များ၊ တန်ဖိုးသင့်အိမ်ရာများ၊ လုံးချင်းအိမ်ရာများ၊ ကွန်ဒိုနှင့် International School၊ Golf Resort၊ Convention Center၊ Research Center များအပါအဝင် လူမှုရေးအခြေခံအဆောက်အဦများ၊ ဌာနဆိုင်ရာအဆောက်အဦများ၊ ရပ်ဝေးရပ်နီးခရီးသွားပြည်သူများ ခရီးတစ်ထောက်ရပ်နား၍ ဈေးဝယ်ယူနိုင်မည့် Outlet Mall တို့ကိုပါထည့်သွင်းတည်ဆောက်ခြင်း၊ မဲခေါင်ဒေသရှိ ရှားပါးပန်းမျိုးစိတ်များနှင့် သီးနှံများစိုက်ပျိုးပြသရောင်းချခြင်း၊ သစ်တောများ ပျိုးထောင်ခြင်းတို့ကို ထည့်သွင်းတည်ဆောက်သွားမှာ ဖြစ်ပါတယ်။ စီမံကိန်းမြေနေရာကို လက်ရှိကာလပေါက်ဈေးဖြင့် တန်ဖိုးတွက်ချက်မည်ဆိုပါက Build-Up ဧရိယာအတွက် ကျပ် ၂၀.၁၂ ဘီလီယံခန့် ရရှိမည်ဖြစ်ပြီး ယခုကဲ့သို့ အကျိုးတူစီမံကိန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ကျပ် ၆၂.၈၅ ဘီလီယံခန့် ရရှိမည်ဖြစ်သည့်အတွက် နိုင်ငံတော်အနေဖြင့် ငွေကြေးအားဖြင့် ၄၂.၇၃ ဘီလီယံခန့် အကျိုးအမြတ်ပိုမိုရရှိမှာ ဖြစ်ပါတယ်။ Eco Green City စီမံကိန်းတည်ရှိသောနေရာသည် မြန်မာနိုင်ငံအလယ်ပိုင်းနှင့်ဆက်သွယ်ထားသည့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင် တည်ရှိနေခြင်း၊ ရန်ကုန်-ပဲခူး-ဧရာဝတီတိုင်းဒေသကြီးတို့၏ဆက်စပ်လမ်းဆုံရာတွင်တည်ရှိခြင်း၊ ရန်ကုန်မြို့မြို့ရှောင်လမ်းအား Outer Ring သည် အဆိုပါ Eco Green City အတွင်းမှ ဖြတ်သန်းသွားလာမည်ဖြစ်ခြင်း၊ Korea Myanmar Industrial Complex စီမံကိန်းနှင့်ဆက်စပ်လျက်ရှိခြင်း၊ လှည်းကူးမြို့ပြင် ဖွံ့ဖြိုးမှုစီမံကိန်းနှင့်ဆက်စပ်လျက်ရှိခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်ရောက်လာစေမှုအတွက် အထောက်အပံ့ဖြစ်စေသော စီမံကိန်းလုပ်ငန်းတစ်ခုဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Eco Green City စီမံကိန်းတွင် ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် ဆူညံသံများမှ အနှောင့်အယှက်ဖြစ်ပေါ်မှုမရှိစေရန်အတွက် အမြန်လမ်းမကြီးရဲ့ ပေ ၁၀၀၀ အတွင်း စိမ်းလန်းကြားခံနယ်မြေ Green Buffer Zone အား ချန်လှပ်ထားရှိပြီး ရေကြီးရေလျှံမှုများမှ ကာကွယ်နိုင်ရန် Storm Water Retention Ponds များကိုလည်း ထည့်သွင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယခုစီမံကိန်းအကောင်အထည်ဖော်စဉ်ကာလအတွင်း ပြည်သူလူထုအတွက် ယာယီအလုပ်အကိုင်အခွင့်အလမ်း ၅၀၀၀၀ ခန့်နှင့် စီမံကိန်းပြီးစီးပါက အမြဲတမ်းအလုပ်အကိုင်အဖြစ် ၁၅၀၀၀ ခန့်အား ဖန်တီးပေးနိုင်မှာ ဖြစ်ပါတယ်။ Eco Green City စီမံကိန်းဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန Website တွင် ဖော်ပြထားပြီး စီမံကိန်းဆိုင်ရာအသေးစိတ်အချက်အလက်များ၊ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းမည့်ကိစ္စရပ်များ၊ ပြည်သူလူထုအတွက် ရရှိမည့်အလုပ်အကိုင်အခွင့်အလမ်းများစသည်တို့အား ၂၃-၁-၂၀၁၈ ရက်နေ့က စီမံကိန်းရှင်းလင်းဆောင်တွင် သတင်းနှင့်ပြန်ကြားရေးဌာန မီဒီယာ ၁၀ ခုတို့အား ဖိတ်ကြား၍

ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ သတင်းထုတ်ပြန်ခြင်းများ၊ သတင်းစာနှင့် ဂျာနယ်များတွင်လည်း ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါသဖြင့် စီမံကိန်းဆိုင်ရာအချက်အလက်များအား အများပြည်သူသိရှိနိုင်ရန် ပွင့်လင်းမြင်သာစွာချပြဆောင်ရွက်ခြင်းများ ပြုလုပ်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ ပြည်သူ့လွှတ်တော် နည်းဥပဒေ ၁၄၄ နည်းဥပဒေခွဲ(ဃ)အရ ဆက်စပ် မေးခွန်း မေးခွင့်ပြုဖို့ရာအတွက် တင်ပြအပ်ပါတယ်။ အခုလို ဒုတိယဝန်ကြီးအနေနဲ့ ပြည့်ပြည့်စုံစုံ ရှင်းလင်းတင်ပြသွားတဲ့အတွက်ကြောင့်လည်း ကျွန်မကျေးဇူးတင်ပါတယ်။ အဲဒီတော့ ကျွန်မအနေနဲ့ အခု ဝန်ကြီးတင်ပြသွားတဲ့ Power Point ဟာ ကျွန်မတို့ကို အကြိမ်ကြိမ်အခါခါရှင်းပြခဲ့တဲ့ Power Point ပဲဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မရဲ့မေးခွန်းဟာ သတ္တမအကြိမ်မြောက်ကတည်းကတင်ခဲ့တဲ့ မေးခွန်းဖြစ်ပြီး အခု ဒသမအကြိမ်မြောက်အထိ ပြောင်းရွှေ့လာခဲ့တဲ့အချိန်အထိ ဒီ ဝန်ကြီးဌာနအနေနဲ့ ရော၊ ကုမ္ပဏီဘက်ကရော ကျွန်မတို့နေ့စဉ် ဒီ ရန်ကုန်လမ်းကြီးကို ဖြတ်သန်းသွားလာတဲ့အချိန်မှာ ကျွန်မတို့မြင်တွေ့နေရတာဟာ ကျွန်မတို့အပြင် ပြည်သူလူထုရော၊ လွှတ်တော်ကိုယ်စားလှယ်ရော မြင်တွေ့နေရတဲ့အခြေအနေဟာ ဘာမှတိုးတက်ပြောင်းလဲမှုရှိလာတာကို ကျွန်မတို့မတွေ့ရပါဘူးရှင့်။ အဲဒီတော့ ကျွန်မတို့ပြောချင်တာက အရေးကြီးတာက စာရွက်ပေါ်ကစီမံကိန်းတွေမဟုတ်ပါဘူးရှင်။ မြေပြင်မှာတကယ့်လက်တွေ့ ပကတိအခြေအနေအကောင်အထည်ဖော်နိုင်မှုပဲဖြစ်ပါတယ်။ အဲဒီတော့ အခုအချိန်အထိ သုံးနှစ်နီးပါးကြာမြင့်သော်လည်းပဲ စာချုပ်ပါစည်းမျဉ်းစည်းကမ်းတွေကို ဘာမှ တိတိကျကျလိုက်နာပြီးတော့ အကောင်အထည်ဖော်နိုင်မှုလည်းမရှိတဲ့အပြင် မြေပြင်အကောင်အထည် ဖော်နိုင်မှုတွေကိုလည်း ကျွန်မတို့အနေနဲ့ မတွေ့ရဘူးဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်မအနေနဲ့ ဝန်ကြီးကို ဆက်စပ်မေးခွန်းလေးမေးချင်တာကတော့ အခုဝန်ကြီးရှင်းပြသွားတဲ့ နိုင်ငံတော်အပိုင်းက ရရှိမယ့်အကျိုးအမြတ်ခွဲဝေမှုနဲ့စပ်လျဉ်းပြီး ဥပဒေကြောင်းအရ ခိုင်မာတဲ့စာချုပ်စာတမ်းများ ချုပ်ဆို ပြီးပြီလား။ စီမံကိန်းကို ဘယ်အချိန်မှာအကောင်အထည်ဖော်မှာလဲ။ နောက်တစ်ခုက ဒီဟာနဲ့ပတ်သက် လို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ သဘောထားမှတ်ချက်ကိုရော တောင်းခံပြီးပြီလား။ နောက်တစ်ခုက စိစစ်တိုးရဲ့သဘောထားတွေကိုရော ရရှိပြီးပြီလား။ Cabinet ကိုတင်ပြပြီးတဲ့နောက်မှာ Cabinet ရဲ့ ခွင့်ပြုချက်အရ ဒါကိုဆောင်ရွက်တာဟုတ်သလား။ ခွင့်ပြုချက်ရောပေးပြီးပြီလားဆိုတာကို ဝန်ကြီး အနေနဲ့ ဆက်စပ်မေးခွန်းအရ ကျွန်မကို ပြန်လည်ဖြေကြားပေးဖို့ရာအတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းကတော့ မြေပြင်ပေါ်မှာတော့ လောလောဆယ်မှာ ဘာမှအကောင် အထည်ဖော်နိုင်ခြင်းမရှိသေးဘူး။ ဒါကြောင့်မို့လို့ နိုင်ငံတော်မှာရရှိတဲ့ Income တွေကို ရရှိဖို့အတွက် စာချုပ်စာတမ်းတွေကို ဘယ်လိုချုပ်ဆိုမှာလဲ။ ဘယ်တော့စမှာလဲ။ ခိုင်ခိုင်မာမာဖြစ်အောင် ဘယ်လို

လုပ်မှာလဲစတဲ့မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားမှာဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ဝန်ကြီးဌာနနဲ့ Alliance Star ကုမ္ပဏီတို့ အခြေခံ Conceptual Plan ဟာ ဆုံးဖြတ်ပြီးဖြစ်တဲ့အတွက် စာချုပ်မူကြမ်းကို ဒီလထဲမှာ အပြီးရေးဆွဲနေပါတယ်ခင်ဗျား။ လာမယ့် ဒီဇင်ဘာလဆန်းမှာ ရှေ့နေချုပ်ရုံးကိုတင်ပြပါမယ်။ ရှေ့နေချုပ်ရုံးမှာက ခန့်မှန်းခြေဆိုရင် အချိန်သုံးပတ်ခန့် အချိန်ယူပါတယ်ခင်ဗျ။ အဲဒါပြီးသွားရင်တော့ ကျွန်တော်တို့က MIC ကို ဆက်လက်တင်ပြပါမယ်ခင်ဗျ။ MIC ကလည်းပဲ ခန့်မှန်းခြေအချိန် တစ်လခန့်ယူပါတယ်ခင်ဗျ။ MIC ကခွင့်ပြုချက်ရပြီဆိုရင်တော့ ကျွန်တော်တို့ဝန်ကြီးဌာနနှင့် Alliance Star တို့ဟာ လာမယ့် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလလောက်ဆို လက်မှတ်ရေးထိုးနိုင်မယ့်၊ စာချုပ်ကြီးချုပ်ဆိုနိုင်မယ့်အဆင့်ရှိပါတယ်ခင်ဗျား။ စာချုပ်ကြီးချုပ်ဆိုပြီးသွားရင်တော့ ဒီကုမ္ပဏီအနေနဲ့ လုပ်ငန်းများ စတင်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၀း၅၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၃၅ မိနစ် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဒေါ်မာမာခိုင်၊ သထုံမဲဆန္ဒနယ်က နိုင်ငံတွင်တစ်နေ့တခြား လူဦးရေထူထပ်များပြားလာခြင်းကြောင့် နေထိုင်ရန်နေရာအခက်အခဲကို ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းရှိ စားကျက်မြေများ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ပြန်လည်စိစစ်ဖော်ထုတ်၍ မြို့ရွာစီမံချက်ကို စနစ်တကျ အမြန်ဆုံးချမှတ်ဆောင်ရွက်ပေးပါရန် အစိုးရသို့တိုက်တွန်းကြောင်းအဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်အား အဆိုတစ်ရပ်တင်သွင်းထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်မာမာခိုင်အား အဆို တင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါ်မာမာခိုင်(သထုံမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါအပေါင်းနှင့် ပြည့်စုံပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ သထုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်မဒေါ်မာမာခိုင်က နိုင်ငံတော်မှာတစ်နေ့တခြား လူဦးရေ ထူထပ်များပြားလာခြင်းကြောင့် နေထိုင်ရန်နေရာအခက်အခဲကို ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံ တစ်ဝန်းရှိ စားကျက်မြေများ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ပြန်လည်စိစစ်ဖော်ထုတ်၍ မြို့ရွာ စီမံချက်ကို စနစ်တကျ အမြန်ဆုံးချမှတ်ဆောင်ရွက်ပေးပါရန် အစိုးရသို့တိုက်တွန်းကြောင်း အဆိုကို ဥက္ကဋ္ဌကြီးမှတစ်ဆင့်လေးစားစွာ တင်သွင်းသွားမှာဖြစ်ပါတယ်။ ဒီအဆိုကို တင်သွင်းရတဲ့ ရည်ရွယ်ချက် ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပါအခွင့်အရေးတွေကို ကျွန်မတို့ ပြည်သူပြည်သားအားလုံး ဆင်းရဲ ချမ်းသာမရွေး ရရှိခံစားစေရန်နှင့် တရားဥပဒေစိုးမိုးပြီး အေးချမ်းသားယာတဲ့ လူနေမှုဘဝကို ရရှိ ခံစားနေရန်အတွက် ရည်ရွယ်ပြီးတင်သွင်းခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ လူဦးရေတစ်နေ့တစ်ခြား ထူထပ်များပြားလာတာနှင့်အမျှ နေထိုင်စားသောက် စရာ မြေနေရာအခက်အခဲကြောင့် အိုးမဲ့၊ အိမ်မဲ့တွေများလာပါတယ်။ အိုးမဲ့အိမ်မဲ့တွေများလာတဲ့ အကြောင်းအရင်းထဲမှာ ဆင်းရဲမွဲတေမှုနှင့် စီးပွားရေးအဆင်မပြေမှုများကြောင့်လည်းပါသလို စီမံကိန်း လုပ်ငန်းတွေများကြောင့်လည်းကောင်း၊ အခြားသောအကြောင်းအရာများကလည်းကောင်း၊ အစိုးရ အဖွဲ့ သို့မဟုတ် အခြားသောအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ လုပ်ငန်းရှင်များက ရယူသွားတဲ့ မြေနေရာ တွေမှာ မိမိတို့နေထိုင်ရာနေရာတွေ ပါဝင်သွားတဲ့အတွက်လည်း အိုးမဲ့အိမ်မဲ့တွေဖြစ်သွားပြီး နေထိုင် ရန်အခက်အခဲဖြစ်လာပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒါတွေကို ကျွန်မတို့က လျစ်လျူရှုထားလို့မရပါဘူး။ ဒါဆိုရင် ဒီအခက်အခဲကို ဘယ်လိုဖြေရှင်းမလဲ၊ ဖြေရှင်းဖို့နည်းလမ်းတွေကောရှိသလား၊ ရှင်းလို့ကော ရနိုင်မှာလားလို့ မေးခွန်းထုတ်ကြည့်တဲ့အခါမှာ ကျွန်မတို့နိုင်ငံရဲ့အနေအထားက လူနေထိုင်စရာအဖြစ် စီစဉ်လို့ရတဲ့မြေတွေ အများကြီးရှိနေတာကို လေ့လာတွေ့ရှိပြီး လူဦးရေတိုးတက်နှုန်းနှင့်လည်း လိုက် လျောညီထွေရှိနေတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါ။ ကျွန်မတို့နိုင်ငံမှာ ပြည်နယ်နှင့်တိုင်း အလိုက်မှာရှိနေတဲ့ စားကျက်မြေမှာ စုစုပေါင်းဧက ၇၁၅၄၇၈.၅၉ ရှိပါတယ်။ ဒါကတော့ မွန်ပြည်နယ် မြို့နယ်အလိုက်ရှိတဲ့ စာကျက်မြေမှာစုစုပေါင်း ၄၉၈၁၂.၅၉ဧကရှိပါတယ်။ ကျွန်မရဲ့မဲဆန္ဒနယ် သထုံဟာ ၁၁၃၂၅ ဧက ရှိပါတယ်။ ဟုတ်ပြီဒါဆိုရင် ကျွန်မတို့သထုံမှာ ဒီစာကျက်မြေတွေကို ဘယ်လို အသုံးပြုထားသလဲဆိုတာ ဒီ Slide မှာကြည့်ရင် မူလစာကျက်ဧက ၁၃၈၈၄ ထဲက တရားဝင်ထုတ်နုတ် အသုံးပြုဧက ၂၅၅၉ ဧကရှိပြီး၊ ကျူးကျော်စိုက်ပျိုးထားတာက ၈၅၂၅ ဧကနှင့်အခြားနည်းအသုံးပြု ထားတာက ၁၉၂၉ ဧကရှိနေပါတယ်။ ဝမ်းနည်းစရာကောင်းတာက ကျူးကျော်စိုက်ပျိုးထားတဲ့အထဲ မှာဌာနဆိုင်ရာတွေ၊ အဖွဲ့အစည်းတွေနဲ့ လက်သင့်ရာစာတော်ခေါ်ပေးခဲ့တာတွေလည်း ပါနေပါတယ်။ တစ်ချို့စားကျက်မြေတွေဆို ရွာနဲ့နီးကပ်စွာရှိလို့ ကျေးရွာတိုးတက်ဖွံ့ဖြိုးရေးအတွက်လည်း အဆင်ပြေ တာအတွက်ကြောင့်မို့လို့ အိုးမဲ့အိမ်မဲ့တွေကို စီစဉ်ပေးလို့ရပေမဲ့ အထက်မှာတင်ပြခဲ့တဲ့အနေအထား ကြောင့် အခက်အခဲရှိပါတယ်။ ဒီ Slide မှာဖော်ပြထားသလိုပဲ စာကျက်မြေရှိတဲ့ ပြည်နယ်တိုင်းတိုင်း မှာဒီလိုအခက်အခဲတွေရှိနိုင်ပါတယ်။ ဒါကတော့ ကျွန်မတို့သထုံမြို့နယ်ရဲ့ မြေအမျိုးအစားတွေ ဖြစ်ပါ

တယ်။ တောရိုင်းမြေအနေနဲ့ဆိုရင် စုစုပေါင်းဧက ၁၀၀၈၇ ရှိပြီး အဲဒီမြေတွေအပေါ်မှာ စိုက်ပျိုးလုပ်ကိုင်ခွင့်ပြုထားတာ ၉၄၃.၅၂၆ ဧကဖြစ်ပါတယ်။ ဒါကတော့ လုပ်ပိုင်ခွင့်ပြုထားတဲ့သူစာရင်းနဲ့ ခွင့်ပြုဧကတွေပါ။ ပြီးတော့ ကျွန်မတို့မြို့နယ်မှာရှိတဲ့ ကျူးကျော်နေထိုင်မှုစာရင်းကလည်း စုစုပေါင်းဆိုလို့ရှိရင် ၈၄၉ အိမ်ထောင်စု ရှိနေပါတယ်။ ဆိုတော့ ကျွန်မတို့ မြေတစ်ဧကကို ပေ ၄၀ x ပေ ၆၀ အကွက်ရိုက်ပြီး နေရာချထားပေးမယ်ဆိုရင်တောင်မှ တစ်ဧကကို အနည်းဆုံး ၁၅ ကွက်ရနိုင်တာမို့ အိမ်ခြေ ၈၄၉ အိမ်အရေအတွက်ဆိုရင် ၅၆.၆ ဧကရမှာမို့ အိုးမဲ့အိမ်မဲ့ ပြဿနာတွေကို နိုင်နင်းစွာဖြေရှင်းနိုင်ပါတယ်။ ဒါက စောစောက ကျွန်မပြောသွားတဲ့ လုပ်ပိုင်ခွင့်ပြုထားတဲ့ လူတွေစာရင်းပါ။ ဒီလူတွေကို လုပ်ပိုင်ခွင့်ချထားပေမဲ့ အမှန်တကယ်လုပ်လားမလုပ်လားဆိုတာ ပြန်စိစစ်၊ မလုပ်ရင် ဥပဒေနှင့်အညီသိမ်း၊ ပြီးရင် ဒီလုပ်မယ့်လူတွေကို ပြန်လည်နေရာချထားပေးခြင်းဖြင့် နေထိုင်လုပ်ကိုင်စရာမရှိတဲ့ ပြည်သူတွေအတွက် များစွာအထောက်အကူဖြစ်စေပါမယ်။ Power Point ပိတ်လို့ရပါပြီ။ ဒါ့အပြင် အစိုးရ၊ ပုဂ္ဂလိကအဖွဲ့တွေ၊ ကုမ္ပဏီတွေကစွန့်လွှတ်ထားပြီးသားဖြစ်တဲ့ မြေတွေကို State Land ဖြင့် ကြေညာပြီးတော့ အဲဒီမြေတွေကို အကွက်ရိုက်ပြီးတော့ ဖြေရှင်းပေးခြင်းအားဖြင့်လည်း ကျွန်မတို့ ပြည်သူတွေအတွက် အကျိုးရှိနိုင်ပါတယ်။ ပြည်သူတွေက တိုက်တာတွေဆောက်ပေးဖို့လည်း မတောင်းဆိုပါဘူး။ နေစရာမြေသာလိုပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံရဲ့ လူဦးရေဟာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ၅၃.၂ သန်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ၅၃.၆ သန်းနဲ့ လူဦးရေ သိပ်သည်းဆအနေနဲ့ ၁ စတုရန်းကီလိုမီတာမှာ ၇၉ နေထိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ ဒါဆိုရင် ဒီလိုလူတွေအတွက် ကျွန်မတို့ ကြိုတင်ပြင်ဆင်ထားပေးဖို့က များစွာလိုအပ်နေပါတယ်။ နိုင်ငံမှာလူဦးရေထူထပ်လာခြင်းကြောင့် နေစရာနေရာ အခက်အခဲဖြစ်ပြီး နေစရာနေရာတွေလိုလို့ ကျူးကျော်နေထိုင်မှုတွေဟာ တစ်နေ့တစ်ခြားများပြားလာတာတဲ့ ပြဿနာဟာ အစိုးရတစ်ရပ်အတွက် စိန်ခေါ်မှုပါပဲ။ နိုင်ငံတော်ပိုင်စီမံကိန်းနယ်မြေတွေ၊ ပုဂ္ဂလိကပိုင်လုပ်ငန်းနေရာတွေမှာ ကျူးကျော်ဝင်ရောက်နေထိုင်မှုများကြောင့် မကြာခဏပြည်သူနှင့် အစိုးရကြား၊ ပြည်သူအချင်းချင်းကြားမှာ ခိုက်ရန်ဖြစ်ပွားမှု၊ ဥပဒေချိုးဖောက်မှု၊ ရုန်းရင်းဆန်ခတ်မှု ဖြစ်နေတာဟာ တရားဥပဒေစိုးမိုးမှုကို စိန်ခေါ်နေသလိုဖြစ်ပြီး တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ထိခိုက်စေပါတယ်။ ဒီကျူးကျော်သူတွေ အိုးမဲ့အိမ်မဲ့တွေကို ဖမ်းဆီးအရေးယူရုံလောက်နဲ့တော့ ပြဿနာတွေပြေလည်မသွားနိုင်ပါဘူး။ အမှန်တကယ် နေစရာမရှိလို့ ကျူးကျော်တာလား၊ ဒါမှမဟုတ် တမင်အခွင့်အရေးရချင်လို့ ကျူးကျော်တာလားဆိုတာကို သေသေချာချာစိစစ်ပြီး ဘာလုပ်သင့်တယ်ဆိုတာကို စနစ်တကျသုံးသပ်အကောင်အထည်ဖော်ဖို့ပါပဲ။

အထက်မှာဆွေးနွေးခဲ့သလို ရေမြေတောတောင်တွေပေါများလှတဲ့ ကျွန်မတို့နိုင်ငံမှာ အိုးမဲ့အိမ်မဲ့ရယ်လို့ရှိစရာအကြောင်းမရှိတဲ့အတွက် နိုင်ငံတော်ရဲ့အရန်မြေများကို နိုင်ငံတော်အနေနဲ့ လိုအပ်သလို စီမံခန့်ခွဲပိုင်ခွင့်လည်းရှိနေတာမို့ ဒီနေ့အခြေအနေမှာ မလွဲမသွေပြည်သူတွေအတွက် အမှန်လုပ်ဆောင်ပေးရမယ့်အချိန်ဖြစ်နေပါတယ်။ ယခင်ကလည်း စားကျက်မြေတွေကို လိုအပ်ချက်အရ လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်နုတ်ဆောင်ရွက်ခဲ့တာတွေရှိသလို တစ်ပြည်လုံးအတိုင်းအတာနဲ့ ကျန်နေတဲ့စားကျက်မြေဧကပေါင်း ၇၁၅၄၇၈.၅၉ ဧကကို စနစ်တကျပြည်လည်ဖော်ထုတ်ပြီး အမှန်

တကယ်နေစရာမရှိလို့ အခက်အခဲဖြစ်နေတဲ့ ကျွန်မတို့နိုင်ငံသားတွေအတွက် နေရာချထားပေးစေလို ပါတယ်။ မြေလွတ်တောရိုင်းမြေရိုင်းဆိုရင်လည်း တစ်ပြည်လုံးအတိုင်းအတာအနေနဲ့ ဧရိယာသိန်းပေါင်း ၄၉၀၅၂၆၁၈ ဧကရှိတာမို့ အသုံးပြုလို့ရနိုင်တဲ့နေရာတွေစိစစ်၊ နောင်ရေရှည်အဆင်ပြေနိုင်ဖို့အတွက် စီမံချက်ချထားဆောင်ရွက်နိုင်သလို မြေလွတ်မြေလပ်လုပ်ပိုင်ခွင့်ပြုထားသော်လည်း တချို့သူတွေက မြေတွေကိုဦးထားရုံသာယူပြီး နှစ်ပေါင်းများစွာ ဒီတိုင်းထားနေတာကိုစိစစ်ရုပ်သိမ်းပြီး နေစရာမရှိတဲ့ လူတွေကို နေထိုင်လုပ်ပိုင်ခွင့်ပြုစေတဲ့နည်းတွေနဲ့လည်း ဆောင်ရွက်နိုင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မ ဒီအဆိုကိုတင်ရတာက ပြည်သူကြားကိုသွား၊ ပြည်သူ့အသံကိုနားထောင်နေတဲ့ ပြည်သူ့ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ပြည်သူတွေရဲ့အခက်အခဲကို မျှဝေခံစားရင်း အစိုးရအနေနဲ့ ဖြေရှင်းလို့ရနေတဲ့နည်းလမ်းတွေလည်းရှိနေတာမို့ ပြည်သူ့လွှတ်တော်ကြီးကတစ်ဆင့် ပြည်သူတွေအတွက် တင်ပြတောင်းဆိုရခြင်းဖြစ်ပါတယ်။ ယခင်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ လက်ရှိ နိုင်ငံတော်သမ္မတကြီးဖြစ်တဲ့ ဆရာဦးဝင်းမြင့်က လွှတ်တော်မှာအလေးအနက်ပြောသွားဖူးတဲ့စကားတစ်ခွန်းရှိပါတယ်။ ကျွန်တော်တို့တွေက ထားစရာမရှိတဲ့လူတွေအတွက်မစဉ်းစားဘူး။ စားစရာမရှိတဲ့လူတွေအတွက်ပဲ စဉ်းစားမယ်ဆိုတဲ့စကားကို ကျွန်မတို့လွှတ်တော်ကိုယ်စားလှယ်တွေရင်ထဲမှာ စွဲထင်ကျန်နေဆဲပါ။ ဒီစကားနှင့်အညီ နေစရာမရှိလို့ ဒုက္ခရောက်နေတဲ့ ပြည်သူတွေအတွက် ဒီအဆိုကို ကျွန်မအလေးအနက်တင်သွင်းရခြင်းဖြစ်ပါတယ်။ မနေ့က ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ ပထမနေ့အစီအစဉ်မှာလည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး မိန့်ကြားခဲ့တဲ့ နှုတ်ခွန်းဆက်အမှာစကားအရ ကျွန်မတို့နိုင်ငံအတွက် ပြည်တွင်းငြိမ်းချမ်းရေးက အရေးကြီးနေတယ်လို့ မိန့်ကြားခဲ့ပါတယ်။ ဒီငြိမ်းချမ်းရေးကိုဖော်ဆောင်တဲ့နေရာမှာလည်း နိုင်ငံအတွင်းမှာမြေယာအရှုပ်အထွေးပြဿနာတွေများနေရင် အုပ်ချုပ်ရတဲ့အစိုးရမှာ အခက်အခဲတွေဖြစ်နိုင်ပါတယ်။ နေစရာမရှိလို့ အစိုးရကသတ်သတ်မှတ်မှတ်စီမံချက်မချထားပေးနိုင်ရင် ကျူးကျော်နေထိုင်မှုတွေများပြားလာပြီး မလိုလားအပ်တဲ့ တရားဥပဒေချိုးဖောက်မှုတွေ၊ မြေယာပြဿနာကိုအကြောင်းပြုပြီး သွေးထိုးလှုံ့ဆော်မှုတွေဖြစ်လာရင် နိုင်ငံရဲ့ငြိမ်းချမ်းစွာနေထိုင်လိုတဲ့ ပြည်သူတွေအတွက် အနှောင့်အယှက်ဖြစ်စေပါတယ်။ ဒါတင်မက နိုင်ငံကို အကျိုးရှိစေမယ့်ရင်းနှီးမြှုပ်နှံမှုတွေ၊ စက်ရုံ၊ အလုပ်ရုံတွေတည်ဆောက်လာမယ်ဆိုရင်လည်း ဒီလိုမြေယာပြဿနာတွေ၊ ကျူးပြဿနာတွေရှိနေရင် ဘယ်လုပ်ငန်းရှင်မှ လာရောက်ရင်းနှီးမြှုပ်နှံမှာ မဟုတ်လို့ တိုင်းပြည်ရဲ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အနှောင့်အယှက်ဖြစ်စေပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒီနေရာမှာ အစိုးရဘက်ကပြောလာစရာရှိလာနိုင်ပါတယ်။ ကျွန်တော်တို့လည်း Village Plan ၊ Town Plan တွေကို လုပ်ဆောင်နေပါတယ်လို့။ ဟုတ်ကဲ့။ လုပ်ထုံးလုပ်နည်းတွေရှိနေပေမယ့် Delay ဖြစ်နေပါတယ်။ ဥပမာ-ကျွန်မတို့သထုံမှာ ဒီ Village Plan လုပ်ဖို့ နေရာလေးနေရာကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလတည်းက စတင်ဆောင်ရွက်ပေမဲ့ ဒီနေ့အထိ အကောင်အထည်မဖော်နိုင်သေးပါဘူး။ ကျွန်မတို့အနေနဲ့ အစိုးရကို တိုက်တွန်းတယ်ဆိုတာ တိုင်းပြည်နှင့်လူထုအကျိုးအတွက် အမှန်တကယ်ဆောလျင်စွာလုပ်ဖို့လိုအပ်နေလို့ နှောင့်နှေးကြန့်ကြာနေတာတွေ ပြဿနာကို ဖြေရှင်းနိုင်ဖို့နည်းလမ်းတွေရှိနေပါလျက် မလုပ်ဆောင်နိုင်သေးတာတွေကို ထောက်ပြခြင်းဖြစ်ပါတယ်။ ပြည်သူကို မျက်နှာမူတဲ့အစိုးရအနေနဲ့ နိုင်ငံနှင့်ပြည်သူအတွက် အကျိုးရှိစေဖို့ စနစ်တကျ

စီမံချက်ချမှတ်ပြီး လုပ်ဆောင်ပေးခြင်းဖြင့် နောက်နောင်ဘယ်အစိုးရတက်တက် တက်လာတဲ့အစိုးရအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်စေတဲ့ ဒီအိုးမဲ့အိမ်မဲ့ကျူးပြဿနာတွေကို ဆိုးမွေဖြင့်လက်ဆင့်မကမ်းဘဲ ကျွန်မတို့ ပြည်သူ့အစိုးရက စံပြအနေနဲ့ ဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းရင်းနဲ့ ကျွန်မရဲ့အဆိုကို လွှတ်တော်ကြီးက လက်ခံဆွေးနွေးပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးနက်စွာ တင်သွင်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်မာမာခိုင် တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ နိုင်ငံသူ နိုင်ငံသားတွေနဲ့ နေရေးပြဿနာကိုဖြေရှင်းပေးလိုတဲ့ ရည်ရွယ်ချက်ကောင်း၊ စေတနာကောင်းတွေနဲ့ တင်သွင်းသွားတဲ့ သထုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင် တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကြီးမှ လက်ခံဆွေးနွေးပေးပါရန် ထောက်ခံသွားမယ့် ကျောက်တန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး ဖြစ်ပါတယ်ရှင်။ အဆိုရှင်က အပိုင်းနှစ်ပိုင်းနဲ့ အဆိုတင်သွားပါတယ်။ ပထမပိုင်းကတော့ စားကျက်မြေများ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို စိစစ်ဖော်ထုတ်ဖို့ဖြစ်ပါတယ်။ ဒုတိယအပိုင်းအနေနဲ့က မြို့၊ ရွာ စီမံချက်တွေကို စနစ်တကျ အကောင်အထည်ဖော်ပေးဖို့ ဖြစ်ပါတယ်။ ကျွန်မတို့ ၂၀၁၆-၂၀၁၇ ခုနှစ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာနရဲ့စာရင်းအရ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက်မှာ စားကျက်မြေစုစုပေါင်းဧက ၇ သိန်းကျော်ရှိနေပါတယ်။ မြေလွတ်၊ မြေလပ်ဧကပေါင်းဟာ ၄၉ သန်း ကျော်ရှိပါတယ်။ စိုက်ပျိုးခြင်းမရှိဘဲနဲ့ ချန်လှပ်ထားခဲ့ရတဲ့ လယ်ယာ၊ ကိုင်းကျွန်း၊ ဥယျာဉ်၊ ခြံမြေဧက တစ်သန်းကျော်ရှိနေပြီးတော့ စိုက်ပျိုးနိုင်တဲ့မြေရဲ့ ၄ ရာခိုင်နှုန်းလောက်က စိုက်ပျိုးခြင်းမရှိဘဲနဲ့ ချန်လှပ်နေတာကလည်း နိုင်ငံ့အတွက် ကြီးမားတဲ့ဆုံးရှုံးမှုကို ဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့မှာ မြေလွတ်၊ မြေလပ်၊ မြေရိုင်းစီမံခန့်ခွဲရေးဗဟိုကော်မတီရဲ့ ညွှန်ကြားစာအရ မြေလွတ်၊ မြေလပ်၊ မြေရိုင်းစီမံခန့်ခွဲရေးဗဟိုကာလက လုပ်ပိုင်ခွင့်ပြုဆုံးဖြတ်ထားပြီးဖြစ်သော်လည်းပဲ စုစုပေါင်းဧက ၅ သောင်းကျော်အတွက် လုပ်ငန်းကြီး ၆၃ ခုက အာမခံကြေးပေးသွင်းရန် ပျက်ကွက်ခဲ့တယ်ဆိုတဲ့အကြောင်းကိုလည်း လေ့လာသိရှိရပါတယ်။ ဒီစာရင်းဇယားတွေကို ကြည့်ခြင်းအားဖြင့် ကျွန်မတို့နိုင်ငံဟာ တန်းတူညီမျှဝါဒဖြူစင်စွာ၊ လူမှုရေးအရမျှတမှုရှိစွာ၊ စနစ်ကျစွာ စီမံခန့်ခွဲပေးနိုင်ခဲ့မယ်ဆိုရင် နိုင်ငံသူ နိုင်ငံသားအများ အခက်အခဲဖြစ်နေတဲ့ နေရေးအတွက် ဖြေရှင်းပေးနိုင်မယ့် မြေအရင်းအမြစ်များစွာရှိကြောင်းနှင့် နိုင်ငံတော်အတွက် စိုက်ပျိုးမြေတွေဆုံးရှုံးရခြင်းတွေ၊ ဘဏ္ဍာငွေဆုံးရှုံးရခြင်းတွေ အများကြီးရှိနေတယ်ဆိုတာ သိသာထင်ရှားနေပါတယ်ရှင်။ တရားမျှတတဲ့၊ စနစ်ကျတဲ့ စီမံခန့်ခွဲမှုဖြင့် တာဝန်ရှိသူများမှ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအတိုင်း ကြပ်မတ်ဆောင်ရွက်မှုဖြင့် နိုင်ငံသူနိုင်ငံသားများရဲ့ နေရေးပြဿနာကို ဖြေရှင်းပေးနိုင်ပါရန်အတွက် ပြည်သူ့အစိုးရမှ ပြည်သူကိုမျက်နှာမူကာ မြို့ရွာစီမံချက်များ စနစ်တကျဆောင်ရွက်ရန်အတွက် အရေးတကြီးလိုအပ်နေပြီဖြစ်တဲ့အတွက် ဒီအဆိုကို ထောက်ခံရခြင်းဖြစ်ပါတယ်ရှင်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများရှင်။ တစ်နေ့တခြားလူဦးရေထူထပ်များပြားလာတာနှင့်အမျှ နေထိုင်လုပ်ကိုင်စရာ မြေနေရာအခက်အခဲတွေကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်လာတာ၊ မြို့ပြ၊ ကျေးလက်ဘက်ညီစွာ ဖွံ့ဖြိုးတိုးတက်မှုမရှိတဲ့အတွက်ကြောင့်မို့လို့ အလုပ်အကိုင်အခွင့်အလမ်းရှိရာ မြို့ကြီးပြကြီးတွေကို ရွှေ့ပြောင်းနေထိုင်လာကြတာတွေ၊ စီမံကိန်းများကြောင့်လည်းကောင်း၊ အစိုးရ သို့မဟုတ် အခြားအဖွဲ့အစည်းတွေ၊ ကုမ္ပဏီလုပ်ငန်းရှင်တွေ၊ ဒေသခံပြည်သူများနေထိုင်တဲ့ ဘိုးဘွားပိုင်မြေယာများကိုသိမ်းယူခြင်းကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်သွားရတာတွေ များပြားလာပြီး ကျူးကျော်ပြဿနာဟာ ကြီးထွားနေတာကို အားလုံးအသိပဲဖြစ်ပါတယ်။ မိဘဘိုးဘွားအစဉ်အဆက်နေထိုင်ခဲ့တဲ့ ပြည်သူကိုတော့ စီမံကိန်းအကြောင်းပြ အဓမ္မမြေသိမ်းယူပြီး ကျူးကျော်သတ်မှတ်လိုက်ပြီးတော့ စက်မှုဇုန်စီမံကိန်းကြီးတွေမှာ တစ်နေ့တခြားများပြားလာတဲ့ စီးပွားဖြစ်ကျူးကျော်မှုတွေကိုတော့ ဟန့်တားခြင်းမရှိဘဲနဲ့ တာဝန်ရှိသူတွေလက်ပိုက်ကြည့်နေတာဟာလည်း နိုင်ငံတော်အစိုးရရဲ့ပုံရိပ်ကို များစွာထိခိုက်ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ဟာနေရေးပြဿနာကိုဖြေရှင်းတဲ့အခါမှာ ဒေသအခြေပြုတဲ့နည်းတွေကို အသုံးပြုစေချင်ပါတယ်။ ဒေသမှာနေတဲ့ပြည်သူတွေရဲ့လိုအပ်ချက် ဒေသမှာရှိနေတဲ့မြေလွတ်မြေရိုင်းတွေနဲ့ အမှန်တကယ်နေထိုင်ပါကဒေသတွင်းမှာပဲကို ဖြေရှင်းလိုက်ခြင်းအားဖြင့် မြို့ပြမှာလူနေတွေစုပုံသွားတာကိုလည်း ကျွန်မတို့ကဖြေရှင်းပြီးသားဖြစ်ပါတယ်။ ကျွန်မတို့က အလှမ်းကျယ် အလယ်လပ်စေမယ့် စီမံကိန်းအကြီးကြီး တွေ၊ မြို့စီမံကိန်းကြီးတွေကို ဆောင်ရွက်မယ့်အစား ကျွန်မတို့အနီးစပ်ဆုံးဖြစ်နိုင်မယ့် အနေအထားကိုလည်းဖြစ်ဖို့လိုပါတယ်။ ဥပမာအားဖြင့် ကျွန်မတို့ရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ သန်လျင်၊ ကျောက်တန်းဘက်မှာဆိုရင် ရထားလမ်း၊ ကားလမ်း၊ တံတားတွေ၊ ကျွန်မတို့အခုနောက်ထပ်လည်း တံတားတစ်စင်းလုပ်ဖို့အတွက် ကျွန်မတို့စီမံကိန်းတွေဖြစ်နေပြီးပါပြီ။ ရန်ကုန်ရဲ့တစ်ဖက်ကမ်းမှာလည်း အနီးတည့်တည့်မှာရှိနေပါတယ်။ စက်မှုဇုန်တွေ၊ အထူးစီးပွားရေးဇုန်တွေ ကျွန်မတို့ဘက်မှာ အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ရှိနေပါတယ်။ ဒီလိုမြေခံ၊ ရေခံ၊ အခြေခံကောင်းတွေရှိနေပြီးသားနေရာမှာ အိုးအိမ်အသစ်တွေကို ကျွန်မတို့လုံလောက်အောင် ဖန်တီးပေးမယ့်အစား တခြားနေရာတွေ၊ ဝေးလံတဲ့နေရာတွေ၊ နိုင်ငံတော်ဘတ်ဂျက်တွေအများကြီးသုံးပြီး ကာလရှည်လုပ်ဆောင်ရမယ့်စီမံကိန်းတွေကို လုပ်ဆောင်နေတာမျိုးတွေကို ဆင်ခြင်ပြီးတော့ ကျွန်မတို့က ဒေသအခြေပြု၊ ဒေသလိုအပ်ချက်၊ အခြေခံလိုအပ်ချက်တွေနဲ့ အဖြစ်နိုင်ဆုံးတွေကို အကောင်အထည်ဖော်ပေးဖို့လည်း ကျွန်မတို့ အကြံပြုလိုပါတယ်။ ဒါကြောင့်မို့ ဒေသအခြေပြုတဲ့ တရားမျှတသော၊ စနစ်ကျသော စီမံခန့်ခွဲမှုဖြင့် နေထိုင်ရန်အမှန်တကယ်လိုအပ်လျက်ရှိသော အိမ်ရာမဲ့ပြည်သူများရဲ့ နေရေးဒုက္ခကို ဖြေရှင်းပေးနိုင်ပါရန်အတွက် သထုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်တင်သွင်းသွားတဲ့နိုင်ငံတော်တွင် တစ်နေ့တခြား လူဦးရေထူထပ်များပြားလာခြင်းကြောင့် နေထိုင်ရန်အခက်အခဲကိုဖြေရှင်းရေးအတွက် နိုင်ငံတစ်ဝန်းရှိစားကျက်မြေများ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို စိစစ်ဖော်ထုတ်၍ မြို့ရွာစီမံချက်ကို စနစ်တကျအမြန်ဆုံး ချမှတ်ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအားတိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်ကြီးမှ လက်ခံဆွေးနွေးပေးပါရန် ထောက်ခံတင်ပြအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနဲ့ စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါ့မယ်။ ဒေါ်မာမာခိုင် တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်မာမာခိုင် သထုံမဲဆန္ဒနယ်က တင်သွင်းသော နိုင်ငံတွင်တစ်နေ့တစ်ခြား လူဦးရေ ထူထပ်များပြားလာခြင်းကြောင့် နေထိုင်ရန်နေရာအခက်အခဲကို ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းရှိ စားကျက်မြေများ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ပြန်လည်စိစစ်ဖော်ထုတ်၍ မြို့ရွာစီမံချက်ကို စနစ်တကျ အမြန်ဆုံးချမှတ်ဆောင်ရွက်ပေးပါရန် အစိုးရသို့တိုက်တွန်းကြောင်း အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

## ဒေါ်မာမာခိုင်၊ သထုံမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် ၅ အရ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၁၄-၁၁-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာတဲ့အတွက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ၂၉-၈-၂၀၁၈ ရက်နေ့တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ အသိပေး၍ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့်အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာ ရေးသားဖော်ပြ၍ ၃၁-၈-၂၀၁၈ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်တောင်းခံခဲ့

သော်လည်း ပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီက ပြန်လည်စိစစ်ပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် (၁၀)ချက်ကို သဘောတူသင့်ကြောင်းနှင့် (၁၀)ချက်နှင့်စပ်လျဉ်းပြီး သဘောကွဲလွဲကြောင်း တင်ပြလာပါတယ်။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် (၁၀)ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးချက်အရ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအပေါ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တင်ပြချက်ကို ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကပေးပို့တဲ့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ဖြစ်တဲ့ ၁-၆-၂၀၁၈ ရက်နေ့မှာ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်မှာ ၁၇-၈-၂၀၁၈ ရက်နေ့ကျင်းပသော အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါသည်။

၂။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ဖြစ်တဲ့ ၂၉-၈-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့)မှာ လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ပြင်ဆင်ချက်အဆိုများကို ၃၁-၈-၂၀၁၈ ရက်နေ့(သောကြာနေ့)နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ပြင်ဆင်ချက်အဆို တင်သွင်းသူတစ်ဦးမျှ မရှိခဲ့ပါ။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ၃-၉-၂၀၁၈ ရက်(တနင်္လာနေ့)မှာ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင် အတည်ပြုချက်များကို စိစစ်အစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါတယ်။

၄။ ယင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုခဲ့တဲ့အချက်များအနက်မှ အချက်(၁၀)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအတိုင်း သဘောတူလက်ခံခဲ့ပြီး ပြင်ဆင်ရန်တင်ပြချက်ဇယားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးလည်းဖြစ်ပါတယ်။

[အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက် (၁၀)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ | ၂ | အပိုဒ် ၂ အပိုဒ်ခွဲ(ဂ) |
| (ခ) | ၂ မှ ၃ | ၃၊ ၄၊ ၅၊ ၆၊ ၇ | အပိုဒ် ၃၊ အပိုဒ် ၇၊ အပိုဒ် ၈ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဆ)၊ အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ်(ဇ) |
| (ဂ) | ၄ မှ ၅ | ၁၃၊ ၁၆ | အပိုဒ် ၂၂ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၃၃ |
| (ဃ) | ၆ | ၁၉၊ ၂၀ | အပိုဒ် ၃၄၊ အပိုဒ် ၃၅ အပိုဒ်ခွဲ(က) |

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်(၁၀)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဦးကြည်မင်း(ဒုတိယဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက တင်ပြထားတဲ့သဘောထားအတိုင်း ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြု တက္ကသိုလ်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်း တင်ပြသွားတဲ့ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် (၁၀)ချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်း တင်ပြသွားတဲ့အချက် (၁၀)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူကြောင်းနှင့် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် သဘောမတူတဲ့အချက် (၁၀)ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အစည်းအဝေးရဲ့ ညှိနှိုင်းသဘောတူ ဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း သဘောတူညီတဲ့အချက် (၁၀)ချက်ရှိပါတယ်။ တင်ပြချက် ဇယားကိုလည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

[အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိမည့်အချက် (၁၀)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ | ၁ | အပိုဒ် ၂ အပိုဒ်ခွဲ(ခ) |
| (ခ) | ၃ | ၈၊ ၉၊ ၁၀ | အပိုဒ် ၁၃ ခြေဆင်း၊ အပိုဒ် ၁၃ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၁၈ အပိုဒ်ခွဲ(ဂ) |
| (ဂ) | ၄ မှ ၅ | ၁၁၊ ၁၂၊ ၁၄၊ ၁၅၊ ၁၇ | အပိုဒ် ၁၈ အပိုဒ်ခွဲ(င)၊ အပိုဒ် ၂၂ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂၃ ခြေဆင်း၊ အပိုဒ် ၃၂၊ အပိုဒ် ၂၈ ခြေဆင်း |
| (ဃ) | ၆ | ၁၈ | အပိုဒ် ၂၈ အပိုဒ်ခွဲ(ခ) |

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိမည့်အချက် (၁၀)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဦးကြည်မင်း(ဒုတိယဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ သဘောထားအတိုင်းပဲ ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် (၁၀)ချက်ကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် (၁၀)ချက်ကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင် အတည်ပြုချက်အတိုင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက် (၁၀)ချက်ကို သဘောမတူဘဲ ဥပဒေကြမ်းကော်မတီ၏ ယခင်အတည်ပြုချက်အတိုင်း လွှတ်တော်က အတည်ပြုပြီးဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြသင့်ကြောင်း အဆို တင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များမှ ပြင်ဆင်ချက်များဖြင့် ပေးပို့လာခြင်းအပေါ် သဘောထားကွဲလွဲသည့်အချက်(၁၀)ချက်ကို ပြည်ထောင်စုလွှတ်တော်၏အဆုံးအဖြတ်ရယူပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ ဖြစ်တဲ့ ၁-၆-၂၀၁၈ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ယင်းဥပဒေကြမ်းကို ၁၇-၈-၂၀၁၈ ရက်နေ့၌ အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်များအပေါ် ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း အမျိုးသားလွှတ်တော်မှ ပြန်လည်ပေးပို့လာပါတယ်။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပေးပို့လာသည့် ပြင်ဆင်ချက်များအနက် အချက်(၁၀)ချက်သည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောထားကွဲလွဲသည့်အတွက် ပူးတွဲဇယားဖြင့် တင်ပြထားပြီးလည်းဖြစ်ပါတယ်။ သို့အတွက် သဘောကွဲလွဲသည့် အချက်(၁၀)ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူသင့်ပါကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့ (၁၀)ချက်နှင့်ပတ်သက်၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြမည်ဖြစ်ကြောင်းနှင့်

၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)နှင့်(ခ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ အချိန်မှာဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၁၂း၀၀ နာရီ အချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ (၁၃.၁၁.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



U Khin Cho U Sat Aung



U Kyaw Linn U Ar Moe Si



U Kyaw Linn U Kan Myint



U Kyaw Linn U Pe Than



U Kyaw Linn U Aung Kyaw Kyaw Oo



U Kyaw Linn Dr Soe Moe Thu

pyithu.hluttaw.mm



U Kyaw Linn



Daw Khin San Hlaing

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်